ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၅ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၆ ကော်လံ ၅ ✳

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင် များ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဇွန် ၄ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထိုင်းနိုင်ငံအစိုးရအိမ်တော်သို့ ရောက်ရှိရာ ထိုင်း နိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ် ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်း–ကျော်ဖုံး)(သတင်းစဉ်)

မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် ပုဂံထိပ်သီးအစည်းအဝေးကအတည်ပြု ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်အရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့အကြား သီးသန့်အထူးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်တက်ရောက်ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်း တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၅ ရက်)

ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ထွန်းလာစေရန် အမျိုးသားရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရည်မှန်းချက် အောင်မြင်စေရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ဆောင်ရွက်ခဲ့သည့် စီးပွားရေးစီမံကိန်းများ နှစ်စဉ်အောင်မြင်မှုရရှိနေခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ပင်ဖြစ်သည်။

စီးပွားရေးစီမံကိန်းများအောင်မြင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့ကြီး၊ မြို့ငယ်များ ဖွံ့ဖြိုးတိုးတက်ကာ ဖွံ့ဖြိုးမှုနှေးကွေးနေသည့် ကျေးလက်တောရွာများပါ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နှင့် မြို့ပြကွာခြားချက် ကျဉ်းမြောင်းသွားမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၁)၌ သြဝါဒစကား မြွက်ကြားရာတွင်-

"ယခု ကာလတိုငါးနှစ်စီမံကိန်းအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးစားပေးဖော်ဆောင်သွားရန် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်တယ်။ ကျေးလက်ဒေသဟာ နိုင်ငံသား အများစုနေထိုင်ရာ ဒေသဖြစ်တဲ့အပြင် ကျေးလက်နေပြည်သူတွေရဲ့ အဓိကစီးပွားရေးဟာလဲ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းဖြစ်တယ်။ ကျေးရွာတွေရဲ့ အဓိကလိုအပ်ချက်တွေကို အဘက်ဘက်က ဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်တယ်"

ဟူ၍ လမ်းညွှန် မိန့်ကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းတွင် အစီအမံများချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသများအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေး၊ ကျေးလက်ဒေသ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသည့် လုပ်ငန်းစဉ်ကြီးများ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက်၊ ကျေးရွာအုပ်စုအလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထွက်တိုး မျိုးသန့်စပါးမျိုးများကို အထူးစိုက်ပျိုးကြရန် လိုအပ်သည်။ ဆန်စပါးသာမက ရေ၊ မြေ ဒေသအခြေအနေပေးမှုအလိုက် ပဲမျိုးစုံ၊ ငရုတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်ကောင်းစသည်တို့ကို တိုးချဲ့စိုက်ပျိုးကြရမည် ဖြစ်သည်။

စိုက်ပျိုးသီးနှံများ တိုးချဲ့စိုက်ပျိုးရာတွင် ဈေးကွက်ဝယ်လိုအားကောင်းသည့် မြေပဲ၊ နှမ်း၊ နေကြာ၊ သစ်ဆိမ့် စသည့် ဆီထွက်သီးနှံများ၊ ကြံ၊ ပြောင်း၊ ကော်ဖီ၊ လက်ဖက်၊ ဂုန်လျှော်၊ ဝါဂွမ်း စသည့် သီးနှံများကိုလည်း ပိုမိုစိုက်ပျိုးသင့်ပေသည်။

ကျေးလက်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်ကြရန်လိုသည်။ ကျေးလက်နေ ပြည်သူများ ဝင်ငွေတိုးတက်မြင့်မားလာစေရန် ဒေသနှင့်ဆီလျော်သော နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းများသာမက ကြက်၊ ဝက်များကိုလည်း မိသားစုအလိုက် တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ် မွေးမြူရေး အထိ ကြိုးပမ်းလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသနေ ပြည်သူများ ဝင်ငွေတိုးတက်မြင့်မားလာစေရန် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ သီးနှံအမည်သစ် (အမယ်သစ်)များ တိုးချဲ့စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ကျေးလက်နေ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝသမိုင်းနှင့်သဘာဝဝန်းကျင်ခန်းမဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၄

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသည့်အနေဖြင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ သဘာဝသမိုင်းနှင့် သဘာဝဝန်းကျင်ခန်းမဖွင့်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တိရစ္ဆာန်နှင့်ပန်းဥယျာဉ်(ရန်ကုန်)ရှိ သဘာဝသမိုင်းနှင့်သဘာဝဝန်းကျင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုမှူလတန်းအဆင့်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ ကမာရွတ်မြို့နယ်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားလေးများ၏ (က)အသင်း၊ ကျောင်းသူလေးများ၏ (ခ)အသင်းတို့က တိရစ္ဆာန်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သောဉာဏ်စမ်းပဟေဠိမေးခွန်းများကို ယှဉ်ပြိုင်ဖြေဆိုကြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူလေးများအားဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက်ပံ့ပိုးကူညီကြသူများအားလက်ဆောင်ပစ္စည်းများကိုပေးအပ်ကြပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် တာဝန်ရှိသူများက တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်)၏သမိုင်းကြောင်းနှင့် သိကောင်းစရာများ၊ အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်း၊ သဘာဝသမိုင်းနှင့် သဘာဝပတ်ဝန်းကျင်ခန်းမ၌ ဆောင်ရွက်ထားမှု အခြေအနေများ၊ ရှားပါးတိရစ္ဆာန်များ ပြည်တွင်း၌ စုဆောင်းခြင်း၊ ပြည်ပနိုင်ငံများနှင့် တိရစ္ဆာန်ချင်းလဲလှယ်ခြင်း၊ လက်ရှိတိရစ္ဆာန်များ အားမျိုးပွားခြင်း၊ အင်တာနက်ဖြင့် တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြကွင်းပြကွက်များ၊ ဉာဏ်စမ်းပဟေဠိများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူတို့ အချိန်မရွေးကြည့်ရှုလေ့လာနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များက သိလိုသည်များကိုမေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ဂျာမနီအသင်းတွင် ဝါရင့်သမ္ဘာရင့်ဂိုးသမားကြီး အိုလီဗာခန်း ပြန်လည်ပါဝင်လာပြီး အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးသမားများဖြစ်ကြသော ပို့ဒေါ့စကီးနှင့် စတိုင်ဂျာတို့နှစ်ဦးပါဝင်လာသည်။

ဘက်ခမ်းဒဏ်ရာရ

အင်္ဂလန်အသင်း၏ အထူးအားထားရသူ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းသည် ဇွန် ၂ရက်က ဂျပန်အသင်းနှင့် ခြေစမ်းပွဲ၌ ခြေကျင်းဝတ်ဒဏ်ရာရရှိသွားသောကြောင့် အင်္ဂလန်ပရိသတ်များကို စိုးရိမ်စိတ်များဖြစ်စေခဲ့သည်။ ဒေးဗစ်ဘက်ခမ်းသည် ယခင်ကလည်း နိုင်ငံတကာပြိုင်ပွဲကြီးများ ယှဉ်ပြိုင်ကစားရန် နီးကပ်လာချိန်တွင် ထိခိုက်ဒဏ်ရာရရှိလေ့ရှိသည်။

ဒေးဗစ်ဘက်ခမ်းသည် ဒုတိယပိုင်းတွင် ခြေကျင်းဝတ်နာကျင်လာမှုကြောင့် နည်းပြအဲရစ်ဆင်က ပွဲပြီးခါနီး၌ လူစားလဲခဲ့ရသည်။ ဒေးဗစ်ဘက်ခမ်း(ရီးယဲမက်ဒရစ်)က "ပြီးခဲ့သည့်ဘောလုံးရာသီကုန်ခါနီး၌ ထိခိုက်မိခဲ့သည့် ခြေကျင်းဝတ်ဒဏ်ရာ ပြန်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဒဏ်ရာကြောင့် ယူရိုပွဲနှင့် လွဲစရာအကြောင်းမရှိကြောင်း၊ ပြင်သစ်နှင့် ပွဲဦးထွက်ကစားမည့်ဇွန် ၁၃ ရက် မတိုင်မီ ဒဏ်ရာသက်သာပျောက်ကင်းမှာဖြစ်ကြောင်း" အင်္ဂလန်အသင်း ပရိသတ်များ၏စိုးရိမ်စိတ် ပြေပျောက်စေရန် ရှင်းလင်းပြောကြားသွားသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၅-၆-၂၀၀၄

(စနေနေ့)နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် **"အတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာသောတရား"**

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၅	၅။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၇။	မြန်မာသံစဉ်ချိုနှာဝင်
၄း၅၀	၈။	မျိုးချစ်တပ်မတော်
၅း၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု Population Statistics and Rates and Ratics (ပြည်သူ့ရေးရာ-ပထမနှစ်)
၅း၃၀	၁၀။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၁)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂၄)

အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် ဇွန် ၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်္ဂလိပ်စာကျွမ်းကျင်တတ်မြောက်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၁ရက်မွန်းတည့် ၁၂နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က သင်တန်းတွင်ပထမဆု ဒေါ်သီဂီအေး၊ ဒုတိယဆု ဒေါ်စုစုမြိုင်နှင့် တတိယဆု ဒေါ်ခင်စန်းမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပထမ

အောင်မိုးခံ

ဒီကနေ့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်လျက် ရှိပါတယ်။ အဲဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို အခုလို ဒီမိုကရေစီ ကြန်အင်လက္ခဏာများနဲ့ ချမှတ်ထားပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အခြေခံမူများကို အမျိုးသားညီလာခံကြီးက ချမှတ်သွားရေး၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပပြီး လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနဲ့ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့ကို ပီပြင်စွာဖော်ပြထားပါတယ်။ ဒီလမ်းဟာ တစ်မျိုးသားလုံးအတွက် အမျိုးသားသင့်မြတ် စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးလမ်းစဉ် ဝေဒနာပွမ်းတီးမှု အနည်းဆုံးနဲ့ အငြိမ်းချမ်းဆုံးလမ်းလဲ ဖြစ်ပါတယ်။

ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တိုင်းသိပြည်သိ ကမ္ဘာသိ ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် ဥပဒေတွင်း၊ ဥပဒေပ အမျိုးသားနိုင်ငံရေးအင်အားစုများကို စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၊ အချိန်စောင့်ကိုယ်ပိုင်အတွေ့အကြုံရစေတဲ့ နည်းတွေနဲ့ စေ့စပ်ကမ်းလှမ်း ဆွေးနွေးခဲ့ပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေးဆိုတာ ပြည်တွင်းအင်အားစုချင်းရဲ့ ညီညွတ်မှုတည်ဆောက်ရေးသာ ဖြစ်ပါတယ်။ ဒီအင်အားစုတွေဟာ ပြည်တွင်းမှာပဲ ရှိတဲ့အတွက် အကောင်းဆုံးနည်းလမ်းတွေ၊ သင်ခန်းစာတွေလဲ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြင်ပပတ်ဝန်းကျင်ဟာ အခြေအနေပေးတာဖြစ်ပြီး ပြည်တွင်းအင်အားစုချင်းရဲ့ သင့်မြတ်ရေးကို ပြည်တွင်းအင်အားစုများကသာ အဆုံးအဖြတ်ဖြစ်ပါတယ်။ ဒီအပေါ် အပြုသဘော ပံ့ပိုးကူညီမှုမပြုတဲ့ ပြည်ပနိုင်ငံကြီးအချို့နဲ့ ဘေးပယောဂများရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံရေးပါတီအချို့ အမျိုးသားညီလာခံကို ကျောခိုင်းသွားတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။

ကျင်းပဆဲ အမျိုးသားညီလာခံကြီးအပေါ် ပြည်တွင်း ပြည်ပအင်အားစုအချို့က အဆိုးမြင်လျက်ရှိပါသည်။ အထူးသဖြင့် ပြည်တွင်းအင်အားစုတွေထက် ပြည်ပနိုင်ငံကြီးအချို့က တစ်ပါးပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဆန့်ကျင်လျက် ရှိပါသည်။

Don't care everybody ဆိုတဲ့ အင်္ဂလိပ်စကား တစ်ခုရှိပါတယ်။ လူတိုင်းလူတိုင်းကို ဂရုမစိုက်ပါနဲ့လို့ အဓိပ္ပာယ်ရပါတယ်။ စိုက်သင့်စိုက်ထိုက်သူကို စိုက်ပါလို့လဲ အဓိပ္ပာယ်ရပါတယ်။ အမှန်တကယ် လူတိုင်းလူတိုင်းဆိုတာဟာ ကောင်းတာလဲရှိတယ်၊ ဆိုးတာလဲရှိတယ်။ လိုတဲ့လူလဲ ရှိတယ်၊ မလိုတဲ့လူလဲ ရှိတယ်။ မှားတဲ့လူလဲ ရှိတယ်၊ မှန်တဲ့လူလဲရှိတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းကို ဂရုစိုက်လို့မဖြစ်နိုင်တာ အမှန်ပင်ဖြစ်ပါတယ်။ လူ့အလိုနတ်မလိုက်နိုင်ဆိုတဲ့ မြန်မာစကားပုံတစ်ခုလဲ ရှိပါတယ်။ လူတိုင်းလူတိုင်းကို ဂရုစိုက်မိတဲ့အတွက် မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ဥပမာတွေလဲရှိပါတယ်။ တစ်ချိန်က ကမ္ဘာကြီးဟာ နေကိုလှည့်ပတ်နေတယ်ဆိုတဲ့ သဘာဝတရားကို သိပ္ပံနည်းကျ ဖော်ထုတ်တင်ပြခဲ့သော်လည်း အများစုကြီးက လက်မခံတဲ့အတွက် ဆုံးရှုံးထိခိုက်မှုများစွာနဲ့ ဒီအမှန်တရားကို လူ့အဖွဲ့အစည်းအတွက် ပေးအပ်သွားတဲ့ ပညာရှင်များလဲ ရှိပါတယ်။ နိုင်ငံရေး လမ်းစဉ်တစ်ရပ် ချမှတ်ရာတွင်လဲ အလားတူပင် ထောက်ခံတာရှိသလို ဆန့်ကျင်တာလဲရှိမယ်။ လိုလားတာရှိသလို မလိုလားတာလဲ ရှိမယ်။ ဘယ်သူတွေ ဘာပြောပြော မိမိတို့ချမှတ်တဲ့ လမ်းစဉ်ဟာ အများပြည်သူ အကျိုးအတွက် မှန်၊ မမှန်ဆိုတဲ့ အပေါ်မှာသာ ရဲရင့်စွာရပ်တည်သွားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ တရုတ်ပြည်ကြီးကို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေက သူတို့လိုသလို လိုက်ပါပြောင်းလဲဖို့ အမျိုးမျိုးဖိအားပေး တောင်းဆိုနေပေမယ့် တရုတ်ပြည်ကြီးဟာ ဒီအပေါ် လုံးဝမလိုက်နာဘဲ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ လမ်းစဉ်ကို ချမှတ်ပြီး ကိုယ့်နည်းကိုယ့်ဟန်နှင့် တည်ငြိမ် အေးချမ်းစွာ အရှိန်အဟုန်မပျက် ပြောင်းလဲတိုးတက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအဖို့လဲ ဘယ်သူတွေ ဘာပြောပြော မိမိတို့လူ့အဖွဲ့အစည်း အကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကိုသာ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ငြိမ်အေးချမ်းစွာ ထူထောင်သွားနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင်လဲ လွတ်လပ်ရေးရလာတဲ့ စစ်ပြီးခေတ် မြန်မာနိုင်ငံကို တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ထူထောင်သွားရမယ့်အစား တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားပြီး လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲဆင်နွှဲခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ် ဒယ်အိုးထဲက ပူလောင်လာတဲ့ ပြည်သူတွေဟာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးကြီး စတင်လောင်ကျွမ်းနေချိန်တွင် ဖဆပလအစိုးရက လက်ဝဲညီညွတ်ရေး ဖိတ်ခေါ်ခဲ့သော်လဲ မအောင်မြင်ခဲ့ဘူး။ ဒီနောက် တပ်မတော်အစိုးရဖြစ်တဲ့ တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင်လဲ ဥပဒေတွင်း နိုင်ငံရေးပါတီများကို လက်တွဲလုပ်ဖို့ ကမ်းလှမ်းခဲ့မှုတွေ၊ ၁၉၆၃ ခုနှစ် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ပြည်တွင်း ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ၊ ၁၉၆၈ ခုနှစ် ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုတွေကို ကြိုးပမ်း ခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ၁၉၈၈ ခု အရေးအခင်း ကာလအတွင်းကလဲ ဒေါက်တာမောင်မောင် အစိုးရဟာ အရေးအခင်း လှုပ်ရှားသူတွေကို ခြောက်လအတွင်း ပါတီစုံ ရွေးကောက်ပွဲ ပြုလုပ်ပေးပါမယ်လို့ ကမ်းလှမ်းခဲ့တယ်။ ဒါလဲ မအောင်မြင်ခဲ့ပါဘူး။

ဒါတွေဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး ကြိုးပမ်းရာတွင် သတိပြုရမယ့် သမိုင်းသင်ခန်းစာများ ဖြစ်ပါတယ်။

နောက်ဆုံး နိုင်ငံတော်အာဏာကိုမလွှဲမရှောင်သာ ရယူလာခဲ့ရတဲ့ တည်ဆဲ တပ်မတော်အစိုးရ လက်ထက်မှာတော့ အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ပါတယ်။ ဒါဟာ ယခင်အစိုးရအဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးသမိုင်းဝင် ကြိုးပမ်းအောင်မြင်မှု ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားညီလာခံကြီးတွင် အဲဒီလူမျိုးစုတိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အသီးသီးရဲ့ ကိုယ်စားလှယ်တော် အသီးသီးတို့ဟာ အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသား ကိုယ်စားလှယ်တော်များနဲ့အတူ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံမူများကို ဆွေးနွေးချမှတ်နေပြီဖြစ်ပါတယ်။ ဒါဟာ မြန်မာတစ်မျိုးသားလုံးအတွက် **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးသည် ပထမ** ဆိုတဲ့ တာဝန်ကို အမျိုးသားညီလာခံကြီးက ထမ်းဆောင်နေတာပဲ ဖြစ်ပါတယ်။ ဒီကတစ်ဆင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထူထောင်သွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ငြိမ်အေးချမ်းစွာ ထူထောင်သွားနိုင်မည်

မြန်မာနိုင်ငံအဖို့လဲ ဘယ်သူတွေ ဘာပြောပြော မိမိတို့ လူ့အဖွဲ့အစည်း အကျိုးစီးပွားနဲ့ ကိုက်ညီ မှန်ကန်တဲ့ မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးကိုသာ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ငြိမ်အေးချမ်းစွာ ထူထောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ။

နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ(၁)၊ အမှတ်(၂)ထုတ်ဝေ

ရန်ကုန် ဇွန် ၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁) အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။ ယင်းဂျာနယ်သည် ယခင်အတွဲ(၁) အမှတ်(၁)ထက် အကြောင်းအရာ ပိုမိုစုံလင်ပြီး စာမျက်နှာ ၂၅၀ ခန့်ရှိသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ရေးသားသော အုပ်ချုပ်မှုအဖွဲ့အစည်း အသွင်သဏ္ဌာန်နှင့် နိုင်ငံ့ဝန်ထမ်း လိုအပ်ချက် ဆောင်းပါးတွင် **"နိုင်ငံတစ်နိုင်ငံ တိုးတက်ပြောင်းလဲလာသောအခါ နိုင်ငံ့ဝန်ထမ်းလိုအပ်ချက်သည်လည်း တိုးတက်ပြောင်းလဲလာကြောင်း၊ နိုင်ငံသည်လည်း တိုးတက်ပြောင်းလဲလာကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဝန်ထမ်းလိုအပ်ချက်သည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီရန်လိုကြောင်း"** စသည်ဖြင့် အချက်အလက် ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားသည်။ ထို့ပြင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်၊ ဝန်ထမ်းနှင့် ဥပဒေရေးရာ ပြဋ္ဌာန်းချက်များ၊ ရာထူးတိုးမြှင့်ပေးရေးနှင့် တန်းစီဇယား၊ စစ်ဆေးခြင်း၊အကဲဖြတ်ခြင်း၊ ရှေးမြန်မာ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းတို့အား ဖြားယောင်းသြဇာသုံး၍ ကျူးလွန်သောပြစ်မှုများ၊ ပညာရေး စီမံခန့်ခွဲမှုနှင့် ကြီးကြပ်စစ်ဆေးရေး ရာထူးဝန်အဖွဲ့နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်အဖွဲ့ဆိုင်ရာ သမိုင်းမှတ်တိုင်များ စသည်တို့အပါအဝင် နိုင်ငံ့ဝန်ထမ်းတို့ လေ့လာသတ်မှတ်သင့်သည့် ဆောင်းပါး ၁၈ ပုဒ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဥပဒေပညာရှင်များက ပါဝင်ရေးသားထားသည်။ အဆိုပါဂျာနယ်ကို ဝန်ထမ်းလေ့ကျင့်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကယ်ကွတ်မြို့ပြင်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းအနီး ပေါက်ကွဲမှုကြီးများဖြစ်ပွား

တစ်မြို့လုံး မြည်ဟိန်းသံများ၊ မီးခိုးလုံးများဖြင့် ဖုံးလွှမ်းလျက်ရှိ

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့တော် ကယ်ကွတ်၏အပြင်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းအနီးတွင် ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုကြီးများဖြစ်ပွားခဲ့ရာ မြို့တစ်ခုလုံး မီးခိုးလုံးများ ဖုံးလွှမ်းသွားခဲ့သည်။

နောက်ပိုင်း၌ ရဲအဖွဲ့က ယင်းပေါက်ကွဲမှုများသည် လက်နက်သိုလှောင်ရုံကို ဒုံးကျည်တစ်စင်း ထိမှန်မှုကြောင့် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

မီးခိုးလုံးတက်

ကယ်ကွတ်မြို့လေဆိပ်ရှိ အခြေစိုက်စခန်း၏ ညဘက်ကောင်းကင်ယံတွင် အမြောက်ကျည်ဆန်များနှင့် ဒုံးကျည်ပေါက်ကွဲသံများဖြင့် စီစီညံနေခဲ့ပြီး ဒေသတစ်ခုလုံး မီးခိုးလုံးကြီးများ အလိပ်လိုက် တက်နေခဲ့သည်ဟု ထိုဖြစ်ပွားရာနေရာ၌ရှိသော ရိုက်တာသတင်းထောက်က သတင်းပို့သည်။

ပေါက်ကွဲ

ည ၁၀ နာရီ၌ ပေါက်ကွဲမှုများစတင်ခဲ့ပြီး တစ်နာရီကြာမျှ အခြေအနေ ဝရုန်းသုန်းကားဆက်ဖြစ်နေခဲ့သည်ဟု သိရသည်။ ဒုံးကျည်များ အခြေစိုက်စခန်း၏ နေရာအနှံ့၌ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အခြေစိုက်စခန်းအနီးရှိ အဆောက်အအုံများ၏ မှန်ပြတင်းပေါက်များကွဲကုန်ကြောင်း သတင်းထောက် အက်ဒ်နန်ဟာဒီက ပြောကြားသည်။

ဒုံးကျည်တစ်စင်း လက်နက်သိုလှောင်ရုံကို ထိမှန်ခြင်းဖြစ်သည်ဟု ခရိုင်ရဲအရာရှိချုပ် ဘိုဟန်တာအက်ပ်တာဟက်ပ်က ရိုက်တာသို့ ပြောကြားသည်။ အရပ်သားများ ထိခိုက်သေဆုံးမှု မရှိကြောင်းလည်း ၎င်းက ပြောဆိုသည်။ ဘဂ္ဂဒက်မြောက်ဘက် ၁၅၅ မိုင်၌ရှိသော ကယ်ကွတ်မြို့သည် အီရတ်နိုင်ငံ၏ အရေးပါသော ရေနံတွင်းများ၏ အချက်အချာဖြစ်ပြီး မကြာသေးမီလများအတွင်း၌ အာရပ်များ၊ ကာဒ့်များနှင့် တာခ့်မင်တို့ကြား အကြမ်းဖက်မှုများ ကယ်ကွတ်၌ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်တစ်ခုအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေဆုံးသူဆွေမျိုးများအတွက် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသောကန်တပ်ဖွဲ့ဝင် ၈၁၃ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ၂၀၀၃ ခုနှစ် မတ်လ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ရာတွင် ၂၀၀၄ ခုနှစ် ဇွန်လ ၃ ရက် ကြာသပတေးနေ့ရောက်ချိန်အထိ အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါးမျှ သေဆုံးရလျက်ရှိသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၃ ရက် ကြာသပတေးနေ့ရောက်ချိန်၌ အီရတ်တွင်သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၁၃ ဦးဖြစ်သည်။ ယင်းအနက် ၅၉၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာန ပြောကြားချက်အရ သိရသည်။

သေဆုံး

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ သမ္မတဘုရှ်က စစ်ပွဲကြီးပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၇၅ ဦးဖြစ်ပြီး ယင်းအနက် ၄၈၇ ဦးမှာ တိုက်ပွဲ၌ သေဆုံး ခြင်းဖြစ်၍ ၁၈၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာက ကြာသပတေးနေ့၌ ထုတ်ပြန်ချက်အရ သိရသည်။

ဒဏ်ရာရ

စစ်ပွဲစတင်ခဲ့သည်မှ တိုက်ပွဲတွင်ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၈၈၂ ဦးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ၊ ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အစ္စတိုးနီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

ကန်နှင့်အပေါင်းပါတပ်များ အီရတ်မှ ထွက်ခွာမည့်နေ့ မေးခွန်းများ ပေါ်ထွက်နေ

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံ၌ သမ္မတ ဂါဇီအယ်လ်ယာဝါနှင့် အဖွဲ့ဝင် ၃၃ ဦးပါဝင်သော ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခြင်းအပေါ် အီရတ်ပြည်သူအများစုက ကြိုဆိုခဲ့ကြသည်။

အသင့်ရှိ

အာရပ်အဖွဲ့ချုပ်နှင့် အီရန်နိုင်ငံတို့ကလည်း ကြိုဆိုခဲ့ကြသလို ဆီးရီးယားနိုင်ငံကလည်း အီရတ်နိုင်ငံတည်ငြိမ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အာဏာလွှဲပြောင်းပြီးနောက် ဆက်လက်တပ်စွဲထားမည့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်မှ ထွက်ခွာမည့်နေ့ရက်နှင့်ပတ်သက်ပြီး မေးခွန်းများပေါ်ထွက်နေရာ ၂၀၀၅ ခုနှစ် နှောင်းပိုင်း၌ ထွက်ခွာသွားမှာဖြစ်ကြောင်း အမေရိကန်နှင့် ဗြိတိန်တို့က ပြောကြားခဲ့သည်။

ဤအတောအတွင်း အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ပျက်ပြားလာလျက်ရှိရာ ယမန်နေ့က ဘဂ္ဂဒက်၌ဖြစ်ပွားသော ပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံးပြီး ၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**(စီအက်ဖ်အိုင်)**

အမေရိကန်တပ်ဖွဲ့မှ အရာရှိနှစ်ဦး ရီယာ့ဒ်မြို့တွင် ပစ်ခတ်တိုက်ခိုက်ခံရ

ရီယာ့ဒ် ဇွန် ၃

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် အမေရိကန်တပ်ဖွဲ့မှ အရာရှိနှစ်ဦး ဗုဒ္ဓဟူးနေ့က ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကာ နှစ်ဦးအနက် တစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိသွားခဲ့သည်။

ဤအတောအတွင်း ဆော်ဒီလုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ရေးသမားဟု သံသယရှိသူနှစ်ဦးကို ပစ်သတ်ခဲ့ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

အဆိုပါ သေဆုံးသူနှစ်ဦးသည် ပြီးခဲ့သော တနင်္ဂနွေနေ့က ခိုဘာမြို့တွင် ထွက်ပြေးလွတ်မြောက်သွားသော အကြမ်းဖက်တိုက်ခိုက်ရေးသမားများထဲတွင် ပါဝင်ခြင်းရှိမရှိ မသဲကွဲသေးကြောင်း သိရသည်။

ယူဆ

ပြီးခဲ့သော စက်တင်ဘာအကြမ်းဖက်တိုက်ခိုက်မှု၌ အကြမ်းဖက်သမားအများစုသည် ဆော်ဒီအာရေဗျနိုင်ငံမှဖြစ်ကြသလို ဆော်ဒီရှိ ရန်ပုံငွေအဖွဲ့အစည်းပေါင်း များစွာကလည်း အကြမ်းဖက်သမားများအား ထောက်ပံ့ပေးနေသည်ဟု အားလုံးက ယူဆလျက်ရှိကြသည်။

မမိသေး

ဆော်ဒီအာရေဗျ အာဏာပိုင်များက ထိုသို့ပံ့ပိုးနေမှုအား တိုက်ဖျက်လိုသည့်အတွက် ဆောင်ရွက်လျက်ရှိသော်လည်း ယခုထိ အကြမ်းဖက်သမားများအား ပံ့ပိုးပေးသူတစ်ဦးတစ်လေမှ မမိသေးဘဲ ရှိနေသည်။ **(စီအင်န်အင်န်)**

ပြင်ဆင်

နာဂျက်ဖ်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်ရန်ပြင်ဆင်နေသော အီရတ်ပြောက်ကျားများကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့အား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးကိစ္စ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ပြင်သစ်၊ ရုရှားနှင့် ဂျာမနီတို့ ပြောကြား

ပဲရစ် ဇွန် ၃

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ နောက်ဆုံးမူကြမ်းကို အကောင်အထည်ဖော်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့က ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာရှိသော ပြင်သစ်နှင့် ရုရှားတို့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဝါရှင်တန်၏ ဇွန် ၃၀ ရက် အာဏာလွှဲပြောင်းရေးစီစဉ်ပြီးနောက် အမေရိကန်နှင့် ဗြိတိန်တို့က ၎င်းတို့၏ လုံခြုံရေးနှင့် စီးပွားရေးကို အီရတ်တို့အား ပေးလိုက်မည့် အင်္ဂါနေ့တွင် ဒုတိယမူကြမ်းကိုတင်ပြရန် လိုအပ်သည်ဟု အမေရိကန်ဦးဆောင်ပြီး အီရတ်အား ကျူးကျော်ခြင်းကို ဆန့်ကျင်ခဲ့သည့် ဂျာမနီကလည်း ပြောကြားသည်။

လိုအပ်

ယင်းကိစ္စသည် ဆွေးနွေးဖို့ရာအတွက် အခြေခံကောင်းတစ်ရပ်ဖြစ်သော်လည်း အီရတ်အစိုးရ ပြည့်ဝသော အချုပ်အခြာအာဏာ အခိုင်အမာရှိရန် အနာဂတ်တိုးတက်မှုလိုအပ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က သတင်းထောက်များအား ပြောကြားသည်။

ပြင်သစ်နှင့် ရုရှားနိုင်ငံတို့သည် ဗီတိုအာဏာရှိသော လုံခြုံရေးကောင်စီအဖွဲ့ဝင်ငါးနိုင်ငံမှ နှစ်နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ



နာဂျက်ဖ်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျား တစ်ဦးကို ဇွန် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လျှို့ဝှက်ချက်များ အီရန်သို့ ပို့ခဲ့ကြောင်း ကန်၏စွပ်စွဲချက်မမှန်ဟု ချာလာဘီ ငြင်းဆို

ဘဂ္ဂဒက် ဇွန် ၃

အမေရိကန်သမ္မတ ဘုရှ်အစိုးရအဖွဲ့၏ ယခင်က အပေါင်းပါတစ်ဦးဖြစ်သူ အာမတ်ချာလာဘီသည် အစိုးရ၏ လျှို့ဝှက်ချက်သတင်းများကို အီရန်နိုင်ငံသို့ ပေးပို့ခဲ့သည်ဆိုပြီး အမေရိကန်တို့က စွပ်စွဲပြောကြားခဲ့ရာ ၎င်းက ငြင်းဆိုလိုက်သည်။

ဘဂ္ဂဒက်မြို့ရှိ အီရန်နိုင်ငံမှ အရာရှိတစ်ဦးသည် ၎င်းနှင့် ချာလာဘီတို့၏ ပြောကြားချက်ကို အီရန်သို့ ကြေးနန်းပေးပို့ခဲ့ကြောင်း သတင်းပေးပို့ချက်များအရ သိရသည်။ ယင်းကြေးနန်းစာတွင် အမေရိကန်တို့သည် အီရန်၏ လျှို့ဝှက်နံပါတ်ကိုသိကြောင်း ချာလာဘီက သတိပေးစာကို အလေးထား ပြောကြားခဲ့သည်။

အမေရိကန်တို့၏ စွပ်စွဲချက်သည် မိုက်မဲမှားယွင်းကြောင်း ချာလာဘီက ပြောကြားသည်။ အီရန်ထောက်လှမ်းရေးဆက်သွယ်မှုများကို အမေရိကန်တို့က ခိုးယူနားထောင်နေသည်ဟု ချာလာဘီကို မည်သူ ပြောဆိုသည်ကို အက်ဖ်ဘီအိုင်က ပထမဆုံးအနေနှင့် ဖော်ထုတ်ကြိုးပမ်းရမှာဖြစ်သည်ဟု ဆိုသည်။

(စီအင်န်အင်န်)

အီရတ်သို့ကုလအမှုထမ်းများပြန်သွားရေး လုံခြုံရေးတိုးတက်မှုအပေါ် အမှီပြုနေ

ကုလသမဂ္ဂ ဇွန် ၃

အမေရိကန်နှင့် ဗြိတိသျှတို့အီရတ်သိမ်းပိုက်မှုကို အဆုံးသတ်သွားပြီးနောက် မကြာခင် ဇူလိုင် ၁ ရက်တွင် အီရတ်နိုင်ငံသို့ ကုလသမဂ္ဂက ၎င်း၏အမှုထမ်းများကို ပြန်လွှတ်လိုကြောင်း ကုလသမဂ္ဂ ပြောခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ကုလသမဂ္ဂသည် ယင်း၏ ရုံးအဆောက်အအုံများ ရှာဖွေမှုနှင့် အီရတ်ရှိ ကုလသမဂ္ဂအမှုထမ်းများနှင့် အထောက်အကူပြု ပစ္စည်းများကို ကာကွယ်မည့် တပ်ဖွဲ့ထူထောင်မှုနှင့် စပ်လျဉ်း၍ အချို့နိုင်ငံများနှင့် ဆွေးနွေးမှုအပါအဝင် အီရတ်သို့ အမြန်ပြန်သွားရေးကို ပြင်ဆင်နေခဲ့ကြောင်း ဖရက်ဒ်အက်ခ်ဟာ့ဒ်က သတင်းထောက်များကို ပြောကြားသည်။

ထိုသို့ဆိုသော်လည်း ကုလသမဂ္ဂ အမှုထမ်းများ အီရတ်ပြန်သွားရေးသည် အီရတ်လုံခြုံရေးအခြေအနေ တိုးတက်မှုအပေါ် အမှီပြုကြောင်း ပြောရေးဆိုခွင့်ရှိသူက စွဲမြဲ ပြောဆိုခဲ့သည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အထူးကိုယ်စားလှယ်လောင်းနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းပြောဆိုရန် ကိစ္စကိုမူ ၎င်းက ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့မဟုတ် အရှေ့အလယ်ပိုင်း မည်သည့်နေရာတွင်မျှ အမေရိကန်တို့ ဒီမိုကရေစီမပြဋ္ဌာန်းနိုင်ဟု အီရန်ပြောကြား

ကုလသမဂ္ဂ ဇွန် ၃

အစ္စလာမ်နှင့် ဒီမိုကရေစီသည် ဆီလျော်မှုရှိနိုင်သော်လည်း အမေရိကန်ပြည်ထောင်စုသည် အီရတ် သို့မဟုတ် အရှေ့အလယ်ပိုင်း မည်သည့်နေရာ၌မဆို အများဆိုင်ရာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ်ကို မပြဋ္ဌာန်းနိုင်ကြောင်း ထင်ရှားသော အီရန်တစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုနှင့်ကနေဒါနိုင်ငံသို့ ခရီးလှည့်လည်ခဲ့သော ဥပဒေပညာရှင် အသက် ၅၇ နှစ်အရွယ် ရှီရင်အီဘာဒီက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းက ဒီမိုကရေစီသည် သမိုင်းကြောင်းဆိုင်ရာ ဖြစ်ကြောင်း၊ ပြည်ပမှနေ၍ ပြဋ္ဌာန်း၍မရနိုင်ကြောင်း၊ အီရတ်အစိုးရသစ်သည် ၎င်း၏ တရားဝင်မှုကို ရရှိမည်ဖြစ်ကြောင်း ပြောဆိုသည်။

ပြောကြား

အခြေအနေကို မိမိတို့ စောင့်ကြည့်ရဖို့ ရှိကြောင်း၊ လူများသည် ၎င်းတို့အပေါ် ဗုံးများကြဲချခံနေရလျက်ရှိရာ ဒီမိုကရေစီကို ပြဋ္ဌာန်း၍ရမည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ အမေရိကန် သို့မဟုတ် အခြားတစ်နိုင်ငံက ဒီမိုကရေစီလုပ်ငန်းစဉ်ကို ပြဋ္ဌာန်းဖို့ ဆုံးဖြတ်သည်ဆိုလျှင် လုပ်ရမည့်နည်းလမ်းမှာ စစ်ရေးတိုက်ခိုက်မှုအရ မဟုတ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။

မချုပ်ဆို

ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုအပါအဝင် ပြည့်စုံသော လူ့အခွင့်အရေးရှိသည့် နိုင်ငံဟူ၍ မည်သည့်နိုင်ငံမျှ မရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ကလေးငယ်များ၏ အခွင့်အရေးကဲ့သို့ အဓိကကျသော နိုင်ငံတကာစာချုပ်များကို မချုပ်ဆိုခဲ့ကြောင်း သူမက ဆက်လက်ပြောကြားသည်။

အီရတ်အကျဉ်းသားများကို အမေရိကန်ပြည်ထောင်စု၏ မတရားနှိပ်စက်မှုနှင့်စပ်လျဉ်း၍ သူမက အမေရိကန်သည် ယဉ်ကျေးမှု လူ့အဖွဲ့အစည်းရှိသော နိုင်ငံဖြစ်ရာ ယင်းလုပ်ရပ်များကို မည်သို့သည်းခံပြီး တရားမျှတမှုရှိအောင် လုပ်ဆောင်မည်နည်းဟု မိမိကိုယ်မိမိ ပြန်မေးခွန်းထုတ်ကြောင်း သူမက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ပိုလန်ဆောက်လုပ်ရေးအလုပ်သမားနှစ်ဦး ပြန်ပေးဆွဲခံရ တစ်ဦးလွတ်မြောက်လာကြောင်း ပိုလန်အရာရှိများပြောဆို

ဝါဆော ဇွန် ၂

အမည်မသိ ပြန်ပေးသမားများသည် ပိုလန်ဆောက်လုပ်ရေးအလုပ်သမားနှစ်ဦးကို ဘဂ္ဂဒက်တွင် ယနေ့ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း၊ သို့ရာတွင် တစ်ဦးမှာ လွတ်မြောက်လာကြောင်း ပိုလန်အရာရှိများက ပြောကြားသည်။

ပြန်ပေးသမားများသည် ကုမ္ပဏီရုံးခန်းသို့ ဂျစ်ကားနှစ်စီးဖြင့်ရောက်လာကာ ပိုလန်နှစ်ဦးနှင့် လုံခြုံရေးအစောင့်များအပါအဝင် အီရတ်အမှုထမ်းငါးဦးကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားကြောင်း ပိုလန်ကုမ္ပဏီ ဂျက်ဒင်ကာက ပြောကြားသည်။

လွတ်မြောက်လာ

လွတ်မြောက်လာသူမှာ လက်ထိပ်ခတ်ထားခြင်းခံရပြီး ၎င်းသည် ကားမှန်ကို ရိုက်ခွဲကာ ခုန်ထွက်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်ဟု ကုမ္ပဏီပြောခွင့်ရှိသူက ပြောကြားသည်။ အဆိုပါပြန်ပေးဆွဲမှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့လက်ချက်ဖြစ်ကြောင်း ပြောကြားခြင်းမရှိပေ။

လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း၌ အီရတ်တွင် နိုင်ငံခြားသားအချို့ ပြန်ပေးဆွဲခြင်းခံခဲ့ကြရာ နှစ်ဦးမှာ ပြန်ပေးသမားများက သတ်ဖြတ်လိုက်ကြောင်း သိရှိရပြီး အချို့မှာပျောက်ဆုံးနေကာ အခြားသူများမှာ လွတ်မြောက်လာခဲ့ကြသည်။

(အင်တာနက်)

အီရန်နိုင်ငံက နျူစစ်ဆေးခွင့်ပေးမှု အိုင်အေအီးအေ ချီးကျူး

တီဟီရန် ဇွန် ၂

အီရန်နိုင်ငံသည် အဏုမြူဗုံးအဆင့်ပြုလုပ်နိုင်သော ပစ္စည်းများအား ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းခဲ့ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)ထံ ဝန်ခံပြောကြားခဲ့သည်ဟု ရိုက်တာ သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အီရန်နိုင်ငံက ၎င်းသည် ဥရောပကြားခံဆက်သွယ်ပေးသူများမှ တစ်ဆင့် ပုဂ္ဂလိက ယူရေနီယမ်ကုမ္ပဏီတစ်ခုနှင့် စုံစမ်းဆက်သွယ်ခဲ့ကြောင်း အီရန်နိုင်ငံက ဝန်ခံပြောကြားလိုက်သည်။

အီရန်နိုင်ငံ စစ်ဖက်ဆိုင်ရာနေရာများရှိ နျူလီးယားလုပ်ငန်းဆိုင်ရာနေရာများကို စစ်ဆေးခွင့်ပေးခြင်းအတွက် အိုင်အေအီးအေက အီရန်နိုင်ငံအား ချီးကျူးသည်။ **(စီစီတီဗွီ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်အားကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၄နာရီ၃၅မိနစ်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ ထိုင်းနိုင်ငံမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရမ်းပြဲမြို့နယ်အသင်း(ရန်ကုန်) ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၄

တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူခဲ့သော ဇေကာဒသမ မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလအား ရမ်းပြဲမြို့နယ်အသင်း (ရန်ကုန်)က ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၃၀ရက်နံနက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပရာ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၅–၆–၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၅ ၇။ အတီးပြိုင်ပွဲ
- ၈း၁၅ ၈။ တံငါတံတား
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Grammer made Easy
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်း
- ၁၃း၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၄၇)
- ၁၃း၃၅ ၇။ စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ(အပိုင်း–၂)
- ၁၃း၄၅ ၈။ **"ဖွားချို"** (စံရှားတင်၊ ဝါးခယ်မရဲမောင်) ဒါရိုက်တာ–ခင်ဇော်(ကေသီပန်)
- ၁၄း၀၅ ၉။ တေးဂီတအစီအစဉ်
- ၁၄း၂၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄း၃၅ ၁၁။ စွန်ချောင်းရေလှောင်တမံ
- ၁၄း၄၅ ၁၂။ International News
- ၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇း၁၀ ၆။ နားဝင်ပီယံသူ့လက်သံ
- ၁၇း၂၀ ၇။ **"သစ်ကောင်းတစ်ပင်"** (နဒီစိုး၊ပြည့်စုံရှင်၊ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) ဒါရိုက်တာ–မိုးထက်လူ (သစ်တော)
- ၁၇း၃၅ ၈။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ
- ၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
- ၁၈း၀၀ ၁၀။ သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
- ၁၈း၁၅ ၁၁။ တိုးတက်ဝေစည် ကန္တရဝတီ ငွေတောင်ပြည်
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ Discovery
- ၁၉း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"**(အပိုင်း–၁၇)
- ၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ဖူးစာလို့ပဲဆို"**(အပိုင်း–၁) (ကျော်သူ၊ဒွေး၊စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင်) ဒါရိုက်တာ–ကိုဇော်(အရဏ်ဦး)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ဒေသခံ တိုင်းရင်းသားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော ပေ၄၄၀ကျော်ရှိ မူလာရှီးဒီ ကြိုးတံတားကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

ပဲခူးတိုင်း သနပ်ပင် မြို့နယ်တွင် မြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ထားရာ သနပ်ပင်–ခရမ်းလမ်း ဖောက် လုပ် နေ မှုကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဆဒ္ဒန် ရေလှောင်တမံ

မကွေးတိုင်း မြို့သစ်မြို့နယ်တွင် စိုက်ပျိုးမြေ ဧကတစ်သောင်းကျော်ကို ရေပေးဝေလျက်ရှိသည့် ဆဒ္ဒန်ရေလှောင်တမံ၏ အကျိုးကျေးဇူးကြောင့် ဒေသခံ တောင်သူများမှာ တစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုး ထုတ်လုပ်လာနိုင်ကြ ပြီ ဖြစ်သည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မြတ်ရတနာ အိမ်ရာ

သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေး စီမံကိန်းနယ်မြေတွင် ပါဝင်သည့် မြတ်ရတနာအိမ်ရာ စီမံကိန်းတွင် လျှပ်စစ်မီးတိုင်၊ ကွန်ကရစ်လမ်း၊ ကွန်ကရစ်ရေမြောင်းများ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ထားသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ Thai Koo Fah Building မြက်ခင်းပြင်၌ ထိုင်းဘုရင့် တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင် သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုဂုဏ်ပြုသည့်အပြင် လေယာဉ်လှေကားထိပ်မှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု(ဒ်)၊ ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaro ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများက

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာအမျိုးသမီးငယ်တစ်ဦးကလည်း ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ဂါရဝပြုကြိုဆို

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်၏ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့်ဇနီး၊ မြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများကလည်း ဂါရဝပြုကြိုဆိုကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေဆိပ်ဧည့်ခန်း၌ ခေတ္တရပ်နားကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thamajaro လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံအစိုးရ အိမ်တော်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က လှိုက်လှဲ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် Thai Koo Fah Building မြက်ခင်းပြင်၌ ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ပေးသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်သည့် နိုင်ငံခြားရေးဝန်ကြီး၊ အတွင်းဝန်ချုပ်၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များနှင့် ထိုင်းတပ်ဖွဲ့ရဲချုပ်တို့နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း မိမိနှင့်အတူ လိုက်ပါလာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်အား ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ထိုင်းနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား နှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်တို့သည် အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင်ခန်းမ (Ivory Room) ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ် ထိုင်းဘုရင့်လေတပ်မတော် ဌာနချုပ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယု(ဒ်)က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံပွဲကို ဒေသစံတော်ချိန် နံနက်၁၁ နာရီတွင် အစိုးရအိမ်တော် အစိမ်းရောင်ခန်းမ(Green Room) ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ်ဆတ်သီရာထိုင်း၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaro၊ ဟိုတယ်နှင့် အားကစားဝန်ကြီး Mr. Sontaya Kunplone၊ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး Somsak Thepsuthin၊ ပို့ဆောင်ရေးဝန်ကြီး Mr. Suriya Jungrungrcangkit၊ စွမ်းအင်ဝန်ကြီး Mr. Prommin Lertsuridej၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Watana Muangsook၊ ပြည်ထဲရေးဝန်ကြီး Mr. Bhokin Bhalakula၊ အလုပ်သမားဝန်ကြီး Mrs. Uraiwan Thienthong၊ ပြည်သူ့ကျန်းမာရေးဝန်ကြီး Mrs.°Sudarat°° Keyuraphan၊ စက်မှုဝန်ကြီး Mr. Pinij° Jarucombat၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhirakaosal နှင့်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

နှစ်နိုင်ငံဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးတူ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပုဂံထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)အစီအစဉ်အရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အတူ အစိုးရအိမ်တော် Santi Maitri အဆောက်အအုံသို့ သွားရောက်ကြသည်။

မှတ်တမ်းစာအုပ်လက်မှတ်ထိုး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအိမ်တော် အဝါရောင်ခန်းမ (Yellow Room) ၌ ထိုင်းနိုင်ငံအစိုးရ အိမ်တော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် အပြန်အလှန်ပေးအပ်မည့်လက်ဆောင်ပစ္စည်းများကို ကြည့်ရှုကြသည်။

နေ့လယ်စာတည်ခင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် အစိုးရအိမ်တော် Santi Maitriအဆောက်အအုံရှိ အပြာရောင်ခန်းမ (Blue Room) ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် General Thamarak Isarngur နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ဆုမွန်ကောင်းတောင်း

ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အတွက်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ဂျ်)နှင့် မိဖုရားသီရိခေတ်တို့အတွက် လည်းကောင်း ဆုမွန်ကောင်းများ တောင်းကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ပေးသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်တွင် ထိုင်းရိုးရာယဉ်ကျေးမှု ပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်ခံဖျော်ဖြေကြသည့် ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စားအဖွဲ့ခေါင်းဆောင်အား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည်အစိုးရအိမ်တော်မှအထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Shangri-La Hotel မှ အထွက်တွင် မြန်မာသံရုံးမိသားစုများက ဂါရဝပြုနှုတ်ဆက်ကြသည်။ ၎င်းနောက် အထူးမော်တော်ယာဉ်များဖြင့် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယု(ဒ်)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး MR. Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်အခန်း၌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု(ဒ်) ကအမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင် သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု(ဒ်)နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်နှင့် စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်သို့လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံမှ ဒေသစံတော်ချိန် ညနေ ၄နာရီ ၁၅မိနစ်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီ ၃၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ညွန့်တင်အား ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့လာရောက်ပြီး လယ်ယာကဏ္ဍ၌ ပဲပုပ်၊ ကြက်ဆူ၊ ပြောင်းစသည့် အထွက်နှုန်းကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူအမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ထိုင်းနိုင်ငံ စက်မှုဝန်ကြီး Mr.Pinij Jaru combat တို့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Pongsak Ruktapongpisal သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

အလားတူ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ Pttepi ဥက္ကဋ္ဌ Mr. Maroot Mrigadat နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ခေတ္တတည်းခိုသည့် ဗန်ကောက်မြို့ရှိ Shangri -La Hotelသို့လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပိုမိုရင်းနှီးမြှုပ်နှံရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Viset Choopibal တို့သည်မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံအစိုးရအိမ်တော်၌တွေ့ဆုံပြီး နှစ်နိုင်ငံရေအားလျှပ်စစ်ပူးပေါင်းထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းသည့်ဧည့်ခံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က နေ့လယ်စာဖြင့်ဂုဏ်ပြုတည်ခင်းသည့် ဧည့်ခံပွဲတွင်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာတည်ခင်းစဉ် ထိုင်းရိုးရာယဉ်ကျေးမှု အကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၏ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကြည့်ရှုစစ်ဆေး ကျွမ်းကျင်ပညာရှင်များနှင့်ဝန်ထမ်းများ၏တီထွင်စမ်းသပ်မှုဖြင့်ဆေးအမျိုးပေါင်း ၂၀၀ထုတ်လုပ်

ရန်ကုန် ဇွန် ၄

အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတို့၏လုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံတို့၏လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနသို့ ရောက်ရှိလာရာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ဆေးဝါးထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးဌာန၏ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ထောင်ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များနှင့် ဆေးဝါးဖော်စပ်ရေး သုတေသနလုပ်ငန်း၊ ဖာမင်တေးရှင်း နည်းပညာသုတေသနလုပ်ငန်း၊ ဆေးဖက်ဝင်အပင်များ သုတေသနလုပ်ငန်း၊ နည်းပညာသုတေသနနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး မှာကြားပြီး ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန၏ ဆေးပြားဌာန၊ ဆေးဆီဆေးရည်ဌာန၊ ထိုးဆေးဌာနတို့က ထုတ်လုပ်သော ဆေးဝါးများ၊ ထိန်းသိမ်းထားသော စက်မှုသုံးအဏုဇီဝရုပ်ပိုးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးပြားနှင့်ထိုးဆေးစမ်းသပ်သုတေသနပြုထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးဒေါက်တာမျိုးမြင့်နှင့် ပညာရှင်များ၊ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် Pharmacognosy Labနှင့် Fermentation ဌာနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသို့ရောက်ရှိကြရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်းက စက်ရုံ၏ဆေးဝါးထုတ်လုပ်မှု၊ကုန်ကြမ်းရရှိမှု၊ ဖြန့်ဖြူးရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ဆေးပြားထုတ်လုပ်သည့်ဌာန၊ ဆေးတောင့် ထုတ်လုပ်သည့် ဌာနလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများကရှင်းလင်းပြသကြသည်။

ဆက်လက်၍ ထိုးဆေးဌာနသို့ သွားရောက်ပြီးထိုးဆေးဌာနက ထုတ်လုပ်သည့် ထိုးဆေး နမူနာများကို လည်းကောင်း၊ ထိုးဆေးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းဆွေးနွေးမှာကြားသည်။

ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ် (Good Manufacturing Practice – GMP)နှင့်အညီ ခေတ်မီနည်းစနစ်ဖြင့် ဆေးဝါးဖော်စပ်ထုတ်လုပ်ရန် လိုအပ်သဖြင့် ဆေးဝါးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနကို ၁၉၈၂ခုနှစ် မတ် ၁ရက်မှစ၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဤဌာနအနေဖြင့် ဆေးဝါးဖော်စပ်ရေး သုတေသန လုပ်ငန်းဌာန၊ ဖာမင်တေးရှင်း နည်းပညာသုတေသနလုပ်ငန်းဌာန၊ ဆေးဖက်ဝင်အပင်များ သုတေသနလုပ်ငန်းဌာန၊ နည်းစနစ်သုတေသနနှင့် အရည်အသွေး စစ်ဆေးရေးဌာနစသည့် ဌာနလေးခုဖြင့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

ထုတ်လုပ်ဖြန့်ဖြူး

သုတေသနပြုခဲ့ပြီးသည့် ဆေးဝါးဖော်စပ်ထုတ်လုပ်နည်းများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသို့လွှဲပြောင်းပေးခဲ့ပြီး မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံက ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးဝါးဆိုင်ရာ စစ်ဆေးခွင့်ပြုချက်များနှင့်အညီ အဆိုပါဆေးဝါးများကို အများအပြားထုတ် လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံက ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ထိုးဆေး၊ ကာကွယ်ကုသဆေးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ၁၉၉၇ ခုနှစ်အထိ အနောက်တိုင်းဆေး ၁၇၃ မျိုးနှင့် တိုင်းရင်းဆေး ၁၁ မျိုး စုစုပေါင်း ၁၈၄ မျိုး ထုတ်လုပ်ခဲ့သည်။

ဆေးအမျိုး၂၀၀ထုတ်လုပ်

စက်ရုံမှ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် ဆေးအမျိုးမျိုးကို တီထွင်စမ်းသပ် ထုတ်လုပ်ခဲ့ရာ ယခုအခါ အနောက်တိုင်းဆေး ၁၈၄ မျိုးနှင့် တိုင်းရင်းဆေး ၁၆ မျိုး စုစုပေါင်း ဆေးအမျိုး၂၀၀ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

IISS Asia Security Conference သို့တက်ရောက်ရန် ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့သည် ဇွန် ၄ ရက်မှ ၆ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပမည့်တတိယအကြိမ် IISS Asia Security Conference သို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စင်ကာပူသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကြီးလှမင်းတို့အား ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်လံပို့ဆောင်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

သင်ဘာကို အလိုရှိပါသလဲ

ပင်လယ်နှင့်သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော

WANTED! Seas and Oceans - Dead or Alive?



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်လုပ်ငန်းညှိနှိုင်းစည်းဝေး အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက် ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မှာကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေး တင်ပြစဉ်။ **(သတင်းစဉ်)**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်း ဆောင်ရွက်ကြရေး၊ ညီလာခံကိုယ်စားလှယ်များ၏ စာတမ်းပြုစုခြင်း၊ ဖတ်ကြားခြင်းတို့တွင် အခက်အခဲမရှိအောင် ပံ့ပိုးဆောင်ရွက်ပေးရေး၊ကိုယ်စားလှယ်များအတွက် သက်သာချောင်ချိရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဇွန် ၄ ရက်က အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။
(သတင်း-၁၂) (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုယ်စားလှယ်များအတွက် ဖျော်ဖြေရေးကိစ္စတွင် အထူးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေမှုနှင့်ကိုယ်စားလှယ်များ ဗဟုသုတဖြစ်စေရန် စာအုပ်စာပေအရောင်းဆိုင်နှင့် အငှားဆိုင်များဖွင့်လှစ်ဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ကိုယ်စားလှယ်များအစုအဖွဲ့အလိုက် စာတမ်းများရေးသားပြုစုပြီးစီးမှုအခြေအနေနှင့်ကိုယ်စားလှယ်များအစုအဖွဲ့အလိုက်ဖတ်ကြားတင်ပြနေမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က ဘုရားဖူးသွားလိုသူကိုယ်စားလှယ်များအတွက်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်များက ကိုယ်စားလှယ်များအစုအဖွဲ့အလိုက် စာတမ်းပြုစုခြင်းနှင့်ဖတ်ကြားခြင်းတို့အတွက် လိုအပ်သော ပံ့ပိုးမှုများ၊ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အသီးသီးအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဇွန် ၄ ရက်က အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။
(သတင်း-၁၂) (သတင်းစဉ်)

5-6 (11).p65 1 03/24/1905, 10:18 PM

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များစာတမ်းဖတ်ကြားတင်ပြ သဘာပတိအဖွဲ့ဝင်များညှိနှိုင်းဆွေးနွေးပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၄

အမျိုးသားညီလာခံကျင်းပရေးအစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တို့သည် စာတမ်းများ ဖတ်ကြားတင်ပြခြင်းတို့ကိုလည်းကောင်း၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့သည် သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုလည်းကောင်း ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ သဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးပါတီမှ ဦးစံသာအောင်နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလုတို့ကဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များမှာ ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦးဖြစ်သည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ထွန်းမောင်၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတင်ဝင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသိမ်းကြည်၊ မကွေးတိုင်း မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးလှစိုးနှင့် ရန်ကုန်တိုင်း တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမြလှိုင်တို့၏ စုပေါင်းအကြံပြုချက်စာတမ်းကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ဝင်းနှင့် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတင်ဝင်းတို့က ဖတ်ကြားတင်ပြ ဆွေးနွေးပြီး အကြံပြုချက်စာတမ်းကို သဘာပတိထံအပ်နှံသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၁၄မိနစ်တွင် ရပ်နားသည်။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးလော်ဆင်ကွမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ပြည်နယ်နှင့်တိုင်းအလိုက် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းသည့် အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်း အဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်း တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၆၃၃ဦးအနက် ၆၁၀ တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၆ဒသမ၃၇ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိမန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက် အပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းများကို ဖတ်ကြားရာတွင် ကယားပြည်နယ်မှ ဦးစောဟူးဟူးနှင့် ဒေါ်မေရီယန်တို့က လည်းကောင်း၊ တနင်္သာရီတိုင်းမှ ဦးအောင်လင်းလှိုင်နှင့် ဦးကင်းစိန်တို့ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ အကြံပြုစာတမ်းများကို ဖတ်ကြားရာတွင် မကွေးတိုင်းမှ ဦးအိန်လင်းနှင့် ဦးအောင်မြင့်သိန်းတို့ကလည်းကောင်း၊ မွန်ပြည်နယ်မှ ဦးကျင်ဖေနှင့် ဒေါ်မြင့်မြင့်ကြူတို့ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံပေးအပ်ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင်ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ကျန်ရှိသော ပြည်နယ်နှင့်တိုင်းများ၏ စာတမ်းများကို ဇွန် ၇ရက် နံနက် ၉နာရီတွင် ဆက်လက်ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးတင်မောင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွှန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦးရှိသည့်အနက် ၉၁ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၈၅ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးအုံ့မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား သတင်းကားနှင့်ရုပ်ရှင်ဇာတ်လမ်းများပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၄

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ ဖျော်ဖြေရေး နှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေ နိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေ တင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်မှတ်တမ်းတင် သတင်းကားများနှင့်အတူ ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူးပြီး သရုပ်ဆောင် လူမင်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်သည့် "တစ်ဦးတည်းသောသား" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ဂျပန်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto နှင့် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်း၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံပြီး ရခိုင်ပြည်နယ် လေပြင်းတိုက်ခတ်မှုအတွက် ဂျပန်နိုင်ငံမှ ဂျပန်ယန်းငွေ ၁၀ သန်းခန့်ရှိ လူအသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျ သဘာပတိ ဦးမြစိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

အလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်နှင့်တိုင်းအလိုက် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ စာတမ်းများကို တင်သွင်းကြရာတွင် စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်တို့မှ တင်သွင်းသည့် စာတမ်းကို စစ်ကိုင်းတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးချစ်သန်းကလည်းကောင်း၊ တနင်္သာရီတိုင်းမှ တင်သွင်းသည့် စာတမ်းကို တနင်္သာရီတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးမောင်လွင်က လည်းကောင်း၊ မကွေးတိုင်းမှ တင်သွင်းသည့် စာတမ်းကို မကွေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးအေးကြူက လည်းကောင်း၊ မွန်ပြည်နယ်မှ တင်သွင်းသည့်စာတမ်းကို မွန်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်ရှိန်နှင့် ဦးကျော်မြင့်တို့က လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၅ မိနစ်တွင် ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ ချင်းပြည်နယ်မှ တင်သွင်းသည့် စာတမ်းကို ချင်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးကပ္ပတီအယ်လ်က လည်းကောင်း၊ မန္တလေးတိုင်းမှ တင်သွင်းသည့် စာတမ်းကို မန္တလေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးလှငွေက လည်းကောင်း၊ ဧရာဝတီတိုင်းမှ တင်သွင်းသည့် စာတမ်းကို ဧရာဝတီတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးအောင်သိန်းထွန်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်း ဆွေးနွေးပွဲကို နံနက် ၈ နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအံ့မောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်သိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦး အနက် ၁၀၄ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၄၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိသာသနာရေးဝန်ကြီးဌာနမှ ဦးအံ့မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုစာတမ်းပါ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍနှင့် နိုင်ငံခြားရေးကဏ္ဍကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးကျင်မောင်က လည်းကောင်း၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်ကလည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒေါက်တာဒေါ်ဆွေဆွေအေးကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၁နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပါ ကျန်ကဏ္ဍများကို ဇွန် ၇ရက် နံနက် ၉နာရီတွင် ဆက်လက်ဖတ်ကြားတင်ပြရန် စီစဉ်ထားကြောင်းသိရသည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ (၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းမည့် စာတမ်းပြုစုရေးသားရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲတွင် တက်ရောက်လာသော တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ကလေးသူငယ် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mrs. Lalita Lerksamran ခေါင်းဆောင်သော အဖွဲ့ဝင် ၂၂ ဦးပါသည့် ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကလေးလူငယ် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ဆောင်ရွက်မှုများကို အပြန်အလှန် ရှင်းလင်းပြောကြားကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ဥက္ကဋ္ဌနှင့်အဖွဲ့တို့ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်မည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲအား ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ တောင်ဥက္ကလာပ သေနတ်ပစ်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စင်များမှာ အမျိုးသား လေပစ္စတို၊ လေရိုင်ဖယ်နှင့် အမျိုးသမီး လေပစ္စတို၊ လေရိုင်ဖယ်ပြိုင်ပွဲများ ပါဝင်သည်။ အတန်းအားဖြင့် လက်ရွေးစင်တန်း၊ အဆင့်မြင့်တန်း၊ လူသစ်တန်းနှင့် သက်ငယ်တန်းဟူ၍ ခွဲခြားထားသည်။

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် သေနတ်ပစ်မောင်မယ်များသည် ဇွန် ၁၈ ရက်မှ ၂၀ ရက် ညနေ ၃နာရီတွင် တောင်ဥက္ကလာပ သေနတ်ပစ်ကွင်းတွင် စာရင်းပေးသွင်းဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယနေ့မြန်မာ(အင်္ဂလိပ်) စာအုပ်ထုတ်ဝေ



ရန်ကုန် ဇွန် ၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့မြန်မာအတွဲ(၇)၊အမှတ်(၁) (အင်္ဂလိပ်) စာအုပ်ကိုယနေ့မှစ၍ စာအုပ်ဆိုင်များတွင် ရောင်းချနေပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဤစာအုပ်တွင် နိုင်ငံတော်အကြီးအကဲ၏ ပြည်သူ့အကျိုးပြု ခရီးစဉ်၊ ပြည်သူ့အတွက် ပြည်သူ့တပ်မတော်၊ လာအို ဒုတိယဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီး၊ တရုတ် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီး၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရှမ်းပြည်နယ် တစ်ခွင်ခရီးစဉ်၊ အိုင်တီနည်းပညာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ၊ ဘင်းမ်စတက်ချန်ပီယံ ရွှေမြန်မာ၊ အသက်(၁၄) နှစ်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ၊ အာနန္ဒာဘုရားပွဲ၊ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်၊ ပန်းချီဆရာကြီး ဦးသိန်းဟံ စသည့် မြန်မာနိုင်ငံအကြောင်း သိကောင်းစရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ယနေ့မြန်မာ(အင်္ဂလိပ်)စာအုပ်ကို ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်ရုံးများ၊ မြို့နယ်ရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးက လယ်ယာ/ဆည်မြောင်းကို အနိုင်ရ ဘဏ္ဍာ/အခွန်အသင်းနှင့် အကြိုဗိုလ်လုပွဲကစားရမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေး အသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကွာတားဖိုင်နယ် ပွဲစဉ်ဖြစ်၍ နှစ်သင်းစလုံးအနိုင်ရရှိရေးခြေကုန်ထုတ် ကစားရာ အပြန်အလှန် ဂိုးများသွင်းယူခဲ့ကြသည်။ ပထမပိုင်းအပြီးတွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် သုံးဂိုးစီ တူညီခဲ့ကြသေးသော်လည်း ပို့ဆောင်ရေးအသင်းက ရရှိသည့်အခွင့်အရေးများကိုပိုင်နိုင်စွာ အသုံးချနိုင်သဖြင့် ပွဲအပြီးတွင် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပို့ဆောင်ရေးအသင်း အတွက် ဝင်းမင်းထွဋ်ကပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် နှစ်ဂိုး၊ မြတ်မင်းဦး၊ မောင်မောင်မြင့်၊ ကိုကိုနိုင်နှင့် ကျော်ဇေယျာမင်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။လယ်ယာ/ဆည်မြောင်းအသင်းအတွက် စည်သူမောင်က နှစ်ဂိုး(တစ်ဂိုးပယ်နယ်တီ)၊ ခင်မောင်လွင်နှင့် နေဇင်လင်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ ဝင်းမင်းထွဋ်ကရရှိသည်။ ပို့ဆောင်ရေးအသင်းသည် အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်ရာ ဘဏ္ဍာ/ အခွန်အသင်းနှင့် ဇွန် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယနေ့ပွဲမရှိ

ဇွန် ၅ ရက်(ယနေ့)တွင် ပွဲမရှိဘဲ ဇွန် ၇ ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ပထမအကြိုဗိုလ်လုပွဲအဖြစ်စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ် (မြောက်ပိုင်း) U-9 မြေကွက်ကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းနှင့် ဝယ်ယူလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၉-၂၅၃၂၆။

ဆာကူရာ - အင်္ဂလိပ်စာ U.F.L ဝင်ခွင့်အားလုံး ဇွန်(၇)ရက်နေ့ ဖွင့်ပါမည်။

ကြော်ငြာစာ

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်အကြောင်းကြားစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၉
(ကွယ်လွန်သူဦးညွန့်ဦး၏ ရရန်ရှိသောကြွေးမြီများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၄၆နေ ဒေါ်ဝါဝါလွင်က ကွယ်လွန်သူဦးညွန့်ဦး၏ ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးညွန့်ဦး၏ ကြွေးမြီများကိုကောက်ခံ၍ အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း လျှောက်ထားသည်ဖြစ်၍ ကွယ်လွန်သူဦးညွန့်ဦး ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူမည်သူမဆို ဤတရားရုံးတော်သို့ ၂၀၀၄ခုနှစ် ဇွန် ၁၄ရက် (၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀နာရီအချိန်တွင် လာရောက်အမှုဆိုင်နိုင်ကြောင်းကြေညာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ဝါဝါလွင်၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့် လက်မှတ် ရသင့်/မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ခုနှစ် ဇွန် ၂ရက်တွင် ဤတရားရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အုန်းမြင့်(တ/၁၇၇၆)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ရန်ကုန်မြို့တော်ရဲ့ အချက်အချာအကျဆုံး။
ခွားလာရေးလွယ်ကူပြီး။ ကျယ်ဝန်းလုံခြုံစိတ်ချရသော သီးသန့် Car-Parking နှင့် ခေါ်ဆွဲသော ဝန်ဆောင်မှုများစွာတို့ဖြင့်
ထူးခြားစွာ နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ထားသော

Excel Shopping Mall

ဖွင့်လှစ်လိုက်ပါပြီ

နှုန်းထွေးသောကြိုဆိုမှုဖြင့် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အမှတ်(၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၅-၁-၅၅၉၇၄၄ (၈ လိုင်း)

အချစ်များစွာအတွက် Vol-2
အမုန်းများစွာအတွက်
ယယ်ဆုး၊ကျော်သူစိုး၊အောင်ကောင်းထက်၊S.P၊မြေပဲယို
Dinner Flame၊9mm၊ညီသူ၊မောင်ဘုန်း
ချောစုခင်၊ရှင်ဖုန်း၊ရေပက္ကဝင်း
TAPE CD
ထွက်ပြီ

မောတို့ဌာနေ အလှရတနာမြေ

ယုဝတီခင်ဦး

မောတို့ဌာနေသည် တောစခန်းတောင်စခန်း ရေတံခွန်စိမ့်စမ်းများဖြင့် သာယာလှပသော ကမ္ဘောဇမြေပင်ဖြစ်သည်။ ကျွန်မသည် ရှမ်းရိုးမတောင်တန်း အလှကိုမြင်လျှင် မျက်စိတစ်ဆုံး လည်ပြန်အောင် ငေးမောကြည့်ရှုတတ်သည်။ ခရီးထွက်လျှင် ရှမ်းပြည်နယ်အလှကို ခံစားလိုသည်။

"ရေတံခွန်တွေ ဖြာစီးလို့ရယ် xxxတောင်ညိုနှင်းမြူတွေဆိုင်းတယ်ႋxxx အလျှို အလျှို တောင်ညိုတန်းတို့ရယ် ပျိုပျိုလွမ်းပါလှတယ်" ဟူသော သီချင်းလေးကို သတိရသည်။

လှပဖြူဖွေး၍ ငွေဖြူငွေလိပ်သဖွယ် တောင်ထိပ်ကအရှိန်နှင့် စီးကျနေသော ရေတံခွန်၊ တောင်ခြေလျှောမှ ငွေရည်သွန်းဖြာစီးနေသော ရေတံခွန်လျှောများ၊ စိမ်းညို့သော တောင်တွေကြားမှ ငွေခြည်ဖြာထွက်နေသော ပန်းရေတံခွန်များ....

ရေတံခွန်များတွေ့လျှင် "ကားခဏရပ်ပါဦး"ဟု တား၍ ရေတံခွန်ကို ငေးမျှော်ကြည့်နေရသည်မှာ အလွန်စိတ်အေးချမ်းဖွယ် ဖြစ်သည်။

သံလွင်မြစ်သည် ရှမ်းပြည်နယ်ကို ဖြတ်သန်းစီးဆင်းသွားသည်။ သံလွင်သည် ရေစီးဆင်းရာတွင် ကမ်းပါးချောက်ကြီးများပေါ်မှ စီးဆင်းလာရ၍ အရှိန်အဟုန်ပြင်းထန်စွာ ကျစီးလာရသည်။ မြစ်ချောင်းများသည် တောင်စဉ်နှင့် တောတန်းများကို ဖြတ်ကျော်စီးဆင်းကြသဖြင့် ရှမ်းပြည်နယ်တွင် ရေတံခွန်စိမ့်စမ်းများ ငွေခြည်တန်း၍ သွယ်ဖြာလျက် ရှိသည်။

သီပေါနှင့်လားရှိုးအကြားရှိ မန့်ဆမ်ရေတံခွန်ကြီးမှာ တောင်တန်းအဆင့်ဆင့်ကို ဖြတ်ကျော်စီးဆင်းလာ၍ အလွန်လှပသော ရှုခင်းတစ်ရပ်ဖြစ်သည်။ ရေတံခွန်ကြီး၏ ရေအားကိုအသုံးပြု၍ သတ္တုတွင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ကျိုင်းတောင်းအတွင်းရှိ နမ့်တိန်းချောင်းရေအားကိုယူ၍ ရေအားလျှပ်စစ်ရုံကြီးတစ်ခု မကြာမီတည်ဆောက်ပြီးတော့မည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံတွင် ၁၈မဂ္ဂါဝပ်စက်သုံးလုံး တပ်ဆင်မည်ဖြစ်သည့်အတွက် တစ်နှစ်တွင် လျှပ်စစ်ဓာတ်အား ၄၇၂ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်မည်ဟုသိရသည်။ ကျိုင်းတောင်းရေတံခွန်သည် တောင်တန်း အသွယ်သွယ်ပေါ်မှ အရှိန်အဟုန်ဖြင့် ဖြာစီးနေသည်မှာ ငွေမှုန် ငွေရည်များ တဖွားဖွား ကြဲချနေသလို လှပလှသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်၊ မောက်မယ်မြို့နယ် ဒါးဆိပ်ကျေးရွာအနီး တည်ထောင်ဖွင့်လှစ်ခဲ့သော လင်းခေးတံတား၊ တီကျစ်ဒေသတွင် တည်ဆောက်နေသော ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ၊ ညောင်ရွှေမြို့နယ်ရှိ စိုက်ပျိုးရေပေးဝေနေသော ဟဲဟိုးရေလှောင်ကန်စသည့် တိုးတက်မှုတို့မှာ ဂုဏ်ကျက်သရေရှိလှသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ငြိမ်းချမ်းခြင်းနှင့်တည်ငြိမ်အေးချမ်းခြင်း၏ အသီးအပွင့်ခံစားရ၍ နယ်စပ်မြို့ လောက်ကိုင်သည် သာယာအေးချမ်းဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှာလည်း ဖွေးလျက်၊ ငွေလမ်းခင်းထားသကဲ့သို့ပင်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဖွင့်လှစ်ပေးထားသော လားရှိုးဒီဂရီကောလိပ်နှင့် လျှပ်စစ်စွမ်းအားဦးစီးဌာန၏ နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံကြီး စသည်တို့မှာ စိမ်းမြမြ တောင်တန်းကို နောက်ခံပြုကာ ခံ့ညားလှသည်ကို တွေ့မြင်နိုင်ပေသည်။

စစ်ကိုင်းတိုင်း ကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ် ငါးအိုးကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ရွှေလီတံတားကြီးမှာလည်း ခံ့ညားလှပေသည်။

ယခင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) တာကော်အက်ဒေသတွင် သံလွင်မြစ်ကို ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ရရာမှ ယခုအခါ လှပသောသံလွင်တံတားကြီးမှာ ပန်းချီကားချပ်သဖွယ် ချစ်စဖွယ်တည်ဆောက် ပြီးစီးနေပြီဖြစ်သည်။ ရာသီဥတုညီမျှသဖြင့် တစ်တောလုံး၊ တစ်တောင်လုံး စိမ်းနေသော ရှုခင်းများနှင့် လက်ဖက်စိုက်ခင်းတို့ဖြင့် ဝေဆာနေသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒေသခံကျောင်းသူ ကျောင်းသားများ အဆင့်မြင့်ပညာ သင်ယူနိုင်ရန် ကျိုင်းတုံ ဒီဂရီကောလိပ် အဆောက်အအုံသစ်မှာ ဝင့်ကြွားထည်ဝါလျက်။ အထူးဒေသ(၄) မိုင်းလားမြို့တွင် ဘိန်း ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးမှာလည်း တင့်တယ်လှပ၍ ဂုဏ်ယူစရာပင်။ စိုက်ပျိုးထားသော ဘိန်းအစားထိုးသီးနှံ လိမ္မော်စိုက်ခင်းများ မှာရွှေသီး၊ မြသီးများ ပမာ ဝေဆာလျက်....။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထွေထွေရောဂါကုဆေးရုံသစ်ကြီး တည်ဆောက်ထားသည်မှာ ဒေသခံများအတွက် ဝမ်းသာစရာ။ ဤကဲ့သို့ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကို တွေ့မြင်ရသည့်အတွက် ရင်သပ်ရှုမောအံ့သြချီးကျူးရသည်။ မိုင်းလားဒေသတွင် ခံ့ညားထည်ဝါလှသော မိုင်းလားအထက်တန်းကျောင်းကြီးမှာလည်း ဒေသခံ ကျောင်းသူကျောင်းသားများအတွက် ပညာရွှေအိုးကြီးပင်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို စနစ်တကျပေါင်းစပ်ဖြန့်ကြက်၍ အကောင်အထည်ဖော်ဆောင်ရွက် နေရာတွင် ပြည်သူလူထုအားလုံးအနေဖြင့်လည်း တာဝန်ရှိသည်ဖြစ်ပါ၍ ပြည်ထောင်စုစိတ်ဓာတ် အခြေခံပြီး စုပေါင်းညီညာ ပါဝင်ဆောင်ရွက်ကြရန် အရှိန်အဟုန် အင်အားလိုပေသည်။

ရှမ်းတိုင်းရင်းသူ လှပျိုဖြူတို့အလှနှင့် ဝတ်စားဆင်ယင်မှုတို့မှာ ချစ်စရာကောင်းလှသည်။ ရှမ်းရိုးရာယဉ်ကျေးမှုအကသည် နွဲ့နှောင်းငြိမ့်ညောင်းသည်။ ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုကျက်သရေကို ချီးကျူးဂုဏ်ယူပါ၏။ ကျက်သရေရှိလှသော ရွှေဥဒေါင်းအက၊ ရှမ်းအိုးစည်အကတို့၏ ငြိမ့်ညောင်း သာယာသောအသံကို စွဲလမ်းမိသည်။ ရှေ့သို့ဆက်လက်၍ ပြည်ထောင်စုကြီး တစ်ရပ်လုံး လှသည်ထက်လှပြီး ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်ပါစေ ဟု ဆန္ဒမွန်ပြုလိုက်ပါသည်။ ။

လွိုင်လင်ခရိုင် မိုးနဲမြို့အရှေ့ဘက် ၃၁မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်မည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းမှ ကျိုင်းတောင်း ရေတံခွန်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

၂၀၀၄ ခုနှစ် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော် မြင်းခြံမြို့နှင့်မိတ္ထီလာမြို့တို့တွင် ကျင်းပမည်

ရန်ကုန် ဇွန် ၄

ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏အဆင့်မြင့် ကုန်ပစ္စည်းများကို တိုက်ရိုက်ပြသဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် မန္တလေးတိုင်းမှ အများပြည်သူများ အနေနှင့် လူသုံးကုန်နှင့် အလှကုန် ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လေ့လာကြည့်ရှု ဝယ်ယူနိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် Climax Business Group Co.,Ltd.မှမန္တလေးတိုင်း မြင်းခြံမြို့ ပြည်သူ့ အားကစားကွင်းနှင့်ခန်းမတွင် ဇူလိုင် ၈ ရက်မှ ၁၂ရက်အထိ လည်းကောင်း၊ မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမတွင် ဇူလိုင် ၁၅ ရက်မှ ၁၉ ရက် အထိလည်းကောင်း အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပါဝင်ပြသနိုင်

အဆိုပါအဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီးတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့်ဖက်ရှင် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလယ်ယာသုံးပစ္စည်း အမျိုးမျိုးနှင့် အခြားသော အရည်အသွေး စံချိန်မီ ကုန်ပစ္စည်းများကို ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

လုပ်ငန်းရှင်များ ဖိတ်ခေါ်

ဤပြပွဲသို့လာရောက် ကြည့်ရှုလေ့လာကြသော ပြည်သူလူထုအား ကုန်ပစ္စည်း သရုပ်ပြရှင်းလင်းပွဲများ၊ ဝတ်စားဆင်ယင်မှုပြပွဲများ တင်ဆက်သွားမည်ဖြစ်သည်။ ထို့ပြင် အသစ်ထပ်မံထုတ်လုပ်လိုက်သော ကုန်ပစ္စည်းအသစ်များကိုလည်း လုပ်ငန်းရှင်ကြီးများမှနေ၍ မေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများဖြင့် ဦးဦးဖျားဖျား ပြသရောင်းချကြမည်ဖြစ်သည်။ ဤပြပွဲကြီးကို Main-Sponsorနှင့် Co-Sponsor အဖြစ် တာဝန်ယူသူများအား အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဖြစ်ရာ လုပ်ငန်း ရှင်များအား ဖိတ်ခေါ်လျက်ရှိသည်။

ပြသနိုင်

မိမိတို့၏အဆင့်မြင့် အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော လုပ်ငန်းရှင်များ အနေဖြင့် Climax Business Group Co., Ltd. တိုက် ၆၊ အခန်း ၂၈၊ ပြည်ရိပ်မွန်အိမ်ရာ၊ ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၅၂၄၇၉၀သို့ ဆက်သွယ် စုံစမ်းပြသနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာဝတီ၊ လက်ပံတန်းနှင့် မင်းလှမြို့နယ် စည်ပင်လုပ်ငန်းများ ဒုညွှန်ချုပ်ဦးဝင်းဌေးစစ်ဆေး

ရန်ကုန် ဇွန် ၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနစည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဌေးသည် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ရက်နှင့် ၃၀ရက်များက ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေး လုပ်ငန်းများအား စစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မေ ၂၉ရက်တွင် သာယာဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့သို့ ရောက်ရှိပြီး သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အရှည် ၅ဒသမ၃၄ဖာလုံရှိ သာယာဝတီမြို့နယ် သုံးဆယ်၊ ချီကြီးကွင်းကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပျိုးဥယျာဉ်၌ ပန်းအလှပျိုး ထောင်ထားမှုကို ကြည့်ရှု စစ်ဆေးသည်။ မေ ၃၀ ရက်တွင် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့သို့ ရောက်ရှိပြီး လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝွေးတောက်ကွင်းကျေးရွာတွင် ဆောက်လုပ်ပြီးစီး၍ နေထိုင်လျက်ရှိသော ကျေးလက်အိမ်ရာများအား သွားရောက်စစ်ဆေးခဲ့ပြီး အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အရှည် ပေ ၁၈၀၀ရှိ လက်ပံတန်းမြို့နယ် ရေငံ-မကျီးကွင်း ကျေးလက်လမ်း ဂဝံခင်းခြင်း လုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ) (သတင်းစဉ်)

အမွေဆက်ခံခြင်းလက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်

အကြောင်းကြားစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၉
(ကွယ်လွန်သူဦးထွန်းမြင့်အေး၏ ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် ၁၃ ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ အမှတ် ၂၂(ဘီ)နေ အမျိုးသားမှတ်ပုံတင်အမှတ် HLG-၀၂၁၄၂၆ ကိုင်ဆောင်သူ ဒေါ်စန္ဒာကျော်သည် ကွယ်လွန်သူဦးထွန်းမြင့်အေး၏ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်တွင်နေထိုင်ပြီး စင်ကာပူနိုင်ငံ၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သူ ဦးထွန်းမြင့်အေး၏ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံးတော်၌ လျှောက်ထားသည်ဖြစ်၍ ကွယ်လွန်သူဦးထွန်းမြင့်အေး၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၅ရက်၊ (၁၃၆၆ ခုနှစ်၊ နယုန်လဆုတ် ၁၃ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြေညာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူဒေါ်စန္ဒာကျော်၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့် လက်မှတ်စာ ရသင့်/မရသင့် စစ်ဆေးကြားနာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လှ(တ/၁၅၄၄)
B.A (Law) LL.B
ဒုတိယခရိုင်တရားသူကြီး(၄)၊
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း အဖ ဦးလဗျနော်၏ သားဖြစ်သူ အလက နတ်ကြီးကုန်း ဆဋ္ဌမတန်းမှ မောင်လဗျခါးအား မောင်အောင်ကျော်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်မင်း။**



Messenger (Language Centre)

Proficiency Class	Business English
Spoken English	Exam-Preparation Courses
Writing Skills	Academic English

(၆၈, လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်)
ဖုန်း-၀၁ ၂၁၂၄၅၃ (ဇွန်လလယ်ဖွင့်မည်)

အများသိစေရန်

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ အမှတ် ၂/၁၇ မင်းလမ်းနေ ကျွန်မ မနန်းလှလှဦး ၁၃/လလန(နိုင်)၀၀၁၈၇၉နှင့် ရွှေဘိုမြို့နေ ဦးရဲဝင်း ထွင့်တင် ၂/ ဒမဆ (နိုင်)၀၁၂၄၃၁ သည် လုံးဝမသက်ဆိုင်တော့ပါကြောင်း။

မနန်းလှလှဦး
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မခင်ခင်ရီ ၁၂/ကမတ(နိုင်)၀၅၇၀၂၁ သည် မိခင်အား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအတိုင်းနေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အမည်ပြောင်း

အဖ ဦးမြင့်သိန်း၏ သား အလက(မြို့သစ်မြို့၊ မကွေးတိုင်း) ဆဋ္ဌမတန်း(က)မှ မောင်ရှိုင်း ကိုကို ကိုမောင်ရှိုင်းထက်အောင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ရှိုင်းထက်အောင်။**

ကားငှားမည်

ကားမျိုးစုံနှင့် Mini°°Bus,°°Hilux, Crown Vanနှစ်ချုပ်လချုပ်ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

မြေပွေးမြွေဟောက်များ အလိုရှိသည်

၁။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် မြွေပွေး၊ မြွေဟောက် အရှင်များကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလျက်ရှိပါသည်။

ဝယ်ယူမည့်အမျိုးအစား	အရေအတွက်	ဈေးနှုန်း
(က) မြွေပွေး (အကြီး) ၅၀ သားအထက်	၁၂၀၀ ကောင် (တစ်ထောင်နှစ်ရာတိတိ)	၃၀၀ (ကျပ်သုံးရာတိတိ)
(ခ) မြွေပွေး (အသေး) ၅၀ သားအောက်	၁၈၀၀ ကောင် (တစ်ထောင်ရှစ်ရာတိတိ)	၁၅၀ (ကျပ်တစ်ရာငါးဆယ်တိတိ)
(ဂ) မြွေဟောက်(အကြီး) ၅၀ သားအထက်	၇၅၀ ကောင် (ခုနစ်ရာငါးဆယ်တိတိ)	၂၀၀ (ကျပ်နှစ်ရာတိတိ)
(ဃ) မြွေဟောက်(အသေး) ၅၀ သားအောက်	၂၅၀ ကောင် (နှစ်ရာငါးဆယ်တိတိ)	၁၀၀ (ကျပ်တစ်ရာတိတိ)

၂။ မြွေရောင်းချလိုသူများသည် အသေးစိတ်သိလိုသော အကြောင်းအရာများကို ရုံးချိန်အတွင်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ကြို့ကုန်း၊ အင်းစိန်၊ တယ်လီဖုန်းအမှတ်-၆၆၃၄၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

အများသိစေရန်ကြေညာချက်

ဗိုလ်တထောင်မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၂၉/၃၁) ရှိ အန္တရာယ်ရှိ အဆောက်အအုံမှာ (၁၉၉၈) ခုနှစ်က အန္တရာယ်ရှိ အဆောက်အအုံဖြစ်နေ၍ အချိန်ကာလကြာမြင့်သောကြောင့် တိုက်သစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မြေအမည်ပေါက်ပိုင်ရှင် ဦးဝင်းသိန်းအား တွန်းအားပေးဆောင်ရွက်ခဲ့သော်လည်း၊ မြေရှင် ဦးဝင်းသိန်းက သတ်မှတ်ရက်နေ့ရောက်သည့်တိုင်အောင် တိုက်သစ်ပြန်လည်တည်ဆောက်ရေးကို မသိကျိုးကျွန်ပြုနေသည့်အတွက် မူလနေထိုင်သူများ မနစ်နာစိမ့်သောငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယာယီအိမ်ရှင်အဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ပုသိမ်မြို့ ပစ္စိမာရုံကျောင်းတိုက်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တခေမိန္ဒ ဦးစီး၍ ရမ်းဖြဲမြို့၌ ကျင်းပသော တတိယအကြိမ် ယဉ်ကျေးမှုအခြေခံစာမေးပွဲ ပထမဆင့်၌ ပထမဆုရရှိသော အလယ်တန်းပြ ဆရာမဒေါ်ငွေငွေမြင့်အား မြို့နယ်ရဲတပ်ဖွဲ့မှူးစံထွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မေ ၃၀ ရက်က သာယာဝတီ မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှဆောင်ရွက်ပြီးစီးသော ကံကလေးကျေးလက်မြေသား လမ်းဖောက်လုပ် ပြီးစီးမှုနှင့် ဆရာစံပန်းခြံ ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားမှုကို စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဌေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေမြောင်းများ တူးဖော်ဆောင်ရွက်

ကျိုက်လတ် မေ ၃၁

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ မေ ၂၈ရက်က ကျိုက်လတ်မြို့ပြည်သူ့ဆေးရုံပတ်ဝန်းကျင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းတို့ကိုဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန် အမှုဆောင်အရာရှိဦးမြင့်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

အေအိုင်ဒီအက်စ်ပညာပေးအခြေပြုသင်တန်းဖွင့်

တာချီလိတ် မေ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် UNDP/UNOPS တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သော HIV/AIDS ပညာပေး အခြေပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေအိုင်ဒီအက်စ်ရောဂါတားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ကြီးတင့်လွင်က အမှာစကားပြောကြားသည်။ **(ဝဲပုံ)** ဆက်လက်၍ တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးမှူး ဒေါက်တာချစ်သိန်းနှင့် UNDP/UNOPS အထက်မြန်မာပြည် တာဝန်ခံ ဒေါက်တာအောင်မျိုးထွဋ်တို့က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးကြသည်။

သင်တန်းသို့ တာချီလိတ်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

အလားတူသင်တန်းများကိုကျိုင်းတုံ၊ ပင်းတယ၊ ကျောက်ပန်းတောင်းနှင့် ညောင်ရွှေမြို့နယ်များတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(၄၂၀)**

ကတ္တရာလမ်းထပ်ပိုးလွှာခင်း

သုံးခွ မေ ၁၀

သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းများဖြစ်သည့် မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးခြင်းနှင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို မေ ၆ရက်က ဓမ္မစေတီလမ်းနှင့် အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်လွင်လွင်အောင်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမျိုးတို့က ကွင်းဆင်းစစ်ဆေးပြီး လမ်းတိုင်းတာမှုကို ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

သန့်ရှင်းသောသောက်သုံးရေရရှိရေး စုပေါင်းဆောင်ရွက်

ရပ်စောက် မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (အခွန်) ဦးဇော်မင်းနိုင် ဦးဆောင်၍ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အင်းခေါင်းရေထွက် သန့်ရှင်းရေးနှင့်ရေဂါလန် ၇၅၀၀၀ဆံ့ ရေကန်သန့်ရှင်းရေးတို့ကို ဝန်ထမ်းများနှင့် ပြည်သူများ မေ ၂၈ရက်က စုပေါင်းဆောင်ရွက်မှုကို ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ထင်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း
" **မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီလီမိတက်** " မှ
ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့နိုင်သူအဖြစ်
ဆုချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ၊
လုပ်ငန်းများအစွန့်ရှည်တည်တံ့ကာ
ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း နှင့်
နိုင်ငံအကျိုးကိုလည်း သယ်ပိုးနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ရေကြည်ပွဲရုံ
- ဘောဂကြီးပွဲရုံ
- မြသစ္စာပွဲရုံ
- အုန်းရွှေဝါပွဲရုံ
- မြေလတ်ပွဲရုံ
- ခေတ်သစ်ပွဲရုံ
- စိန်ထန်းပင်ပွဲရုံ
- ရတနာစိုးပွဲရုံ
- ကိုအေး+ကိုမောင်မောင်ဖြူ ပဲရောင်းဝယ်ရေး
- Paing Family International Co., Ltd.
- စိန်မြင်းပျံပွဲရုံ
- ပြည့်စုံပွဲရုံ
- အဓိမြေပွဲရုံ
- ရွှေကံဆင့်ပွဲရုံ
- ငွေမိုးရောင်းဝယ်ရေး
- မြန်မာ့အကယ်ဒမီ
- ရွှေကျားမင်းပွဲရုံ
- ကျားပျံပွဲရုံ
- မျိုးသန့်ပွဲရုံ
- K.B ပွဲရုံ
- ကြံနီပွဲရုံ
- လင်းစတားပွဲရုံ
- မြတ်သစ္စာပွဲရုံ
- ကိုဝင်းရွှေ ပဲရောင်းဝယ်ရေး
- ဟန်စိန်ပွဲရုံ
- Yar Min Kyaw Co., Ltd.
- ရွှေတောင်ဦးပွဲရုံ
- ဦးကြီးကျန်ပွဲရုံ
- Progress Co., Ltd.
- ကံလင်းပွဲရုံ
- အောင်မြင့်မြတ်ပွဲရုံ
- လင်းလက်ပွဲရုံ

ငွေစင်ကြောင်းလက်ထပ်ပြီးစီးခြင်း

ဒေါ်လားရင့်အောင်(ခ) Lawrence

B.Sc(Geology)

Kembangan Pacific Medical & Dental Centre

နှင့်

မလှလှနိုင် B.A (English) Q

Myanmar Airways International

LIVINGCOLOR

အနာဂတ်မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် ဖြည့်ဆည်းဆောင်ရေး

၁၃၆၆-ခုနှစ်အတွက်

စံ-စာတိုက်

မြန်မာ့ဗိုလ်ဗျူရှင်ယောက်ဂျိုး

ပွင့်လင်းပါပြီ

အမည်ပြောင်း

အဖ ဦးခင်မောင်စိုး၏ သားနှင့်သမီးများဖြစ်သော အထက မြို့သစ် မြို့-မကွေးတိုင်း သတ္တမတန်း(က)မှ မောင်မောင်သျှံအား မောင်အောင်သျှံဟိန်းဟုလည်းကောင်း၊ ပဉ္စမတန်း(က)မှ မအေးချမ်းစံအား မအေးချမ်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်သျှံဟိန်း
မအေးချမ်းအောင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄က/၅၆၃၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။


Euro 2004 ဘောလုံးပြိုင်ပွဲကြီးတွင်ပါဝင်ဆင်နွှဲနိုင်ပါပြီ

PORTUGAL

ဆုငွေ

Ks.1,500,000

special quiz at J'DONUTS and

ဆိုင်ဖွင့်ပွဲ၃နှစ်ပြည့်အထူး

30% Off

အရှေ့တိုင်းမျက်မှန်

280458

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁.၆.၂၀၀၄ မှ ၁၅.၆.၂၀၀၄) အတွင်း

“ယုဇနတောက်လှပ်ရေးအဖွဲ့၏ဖွံ့ဖြိုးဖြစ်သောစေတနာ”

- HALL TYPE ၊ ROOM TYPE

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

တိုက်ခန်းတန်ဖိုးအနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

အမြန်ရောင်းမည်

အောင်မင်္ဂလာအဝေးပြေးအနီး သုဓမ္မာလမ်းမကြီးပေါ် ပေ၄၀ xပေ၃၀(BNနစ်ထပ်)

ဖုန်း-၀၉-၅၀-၁၂၃၂၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ကက/၆၇၄၉မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

နိုင်ငံတကာအဆင့်မီအရည်အချင်းရယူလိုသူများအတွက်

Diploma In Secretarial Administration

စီးပွားရေးလုပ်ငန်းများစီမံခန့်ခွဲအုပ်ချုပ်မှု (Business Administration)၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ (English For Business) နှင့် ကွန်ပျူတာ (Text Production) စသည့်ဘာသာရပ် (၃)မျိုးကို သင်တန်းကာလ(၅)လ သင်ယူပြီး LCCIEB စာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်သူများ နိုင်ငံတကာအဆင့် ဒီပလိုမာရရှိနိုင်ပါမည်။

MCC

ဖုန်း ၇၀၅၂၀၄၊ ၆၅၂၂၃၆

လိပ်ခေါင်း၊ ဂရင်ဂျိုနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဘုံကြော်ငြာကို မတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း - ၂၄၈၀၆၄

လွမ်းဆွတ်သတိရခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း (လားရှိုး)
(၅–၅–၂၀၀၄)

ခွဲခွာသွားတဲ့နေ့ကစလို့ စက္ကန့်၊ မိနစ်နဲ့အမျှ လွမ်းဆွတ်သတိရနေခဲ့ကြပါတယ်။ တစ်လပြည့်မြောက်ခဲ့ပေမယ့် အားလုံးရဲ့ရင်ထဲမှာ သတိရတမ်းတဆဲပါ။ ညီမလေး**ဆောင်း** အတွက် ပြုသမျှကောင်းမှုကုသိုလ်တွေကို သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်အေးချမ်းတဲ့ ဘုံဘဝမှာ နားခိုနိုင်ပါစေ။

ချစ်တဲ့ အစ်ကို၊ အစ်မများ။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း (လားရှိုး)
(၅–၅–၂၀၀၄)

အားလုံးအပေါ် သံယောဇဉ်ကြီးမား ချစ်ခင်လှသော ဒေါ်လေး**ဆောင်း** အားလုံးကို ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်မြောက်သော်လည်း အချိန်တိုင်း အောက်မေ့လွမ်းဆွတ် သတိရလျက်ပါ၊ ပြုသမျှကောင်းမှုကုသိုလ်အစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ရတဲ့ တူ၊ တူမများ။

(၂)လပြည့်လွမ်းဆွတ်တမ်းတသတိရခြင်း
မစန္ဒာမြင့်
အသက်(၃၇)နှစ်

၅–၆–၂၀၀၄ရက်တွင် နှစ်လတင်းတင်းပြည့်သော်လည်း တစ်နေ့မှမေ့မရပါ။ ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို သာဓုခေါ်ပါ၏။

ခင်ပွန်း–ဗိုလ်မှူးစိုင်းဝင်းဟန်။

ဝမ်းနည်းကြေကွဲခြင်း

ကိုလှဘုန်းဆောင်–မထွန်းနိုင်မွေး (တောင်ငူပြည်သူ့ဆေးရုံကြီး)၊ကိုဝင်းမင်းထွန်းတို့၏မိခင် ဒေါ်စန်းစန်းကြည်သည် ၂၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။**ကိုအာလူး–မနီ ထူးကဖီး၊ တောင်ငူ။**

ဦးလုံးတင်
(ချစ်စရာဟိုတယ်)
အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄ နေ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးခင်မောင်လွင်(ခ)ဝတုတ်–ဒေါ်သွယ်သွယ်၊ ဦးမောင်မောင်လွင်–မတင်စန်း၊ကိုမျိုးနိုင်–မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ကိုညီညီလွင်–မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ ကိုထွန်းထွန်းလွင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် အမှတ် ၆၄၆၊ မဟာဗန္ဓုလလမ်း ချစ်စရာဟိုတယ်တို့မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ငွေသွယ် (ဘီးလင်းမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ ၈ လမ်း၊ အမှတ် ၃၃၃ နေ(ဦးသော်)၏ဇနီး၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်ဝါကြီးကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဦးသုမန၊ ဦးရဲဆွေ–ဒေါ်တင်တင်အေး၊ ဦးသိန်းဝင်း–ဒေါ်သွဲ့သွဲ့ဇင်၊ ဦးကျော်မြင့်–ဒေါ်ကြူကြူဝင်း၊ ဦးဇော်ထူး–ဒေါ်ဖြူဖြူဆွေ၊ ဦးသိန်းအောင်–ဒေါ်ဇင်ဇင်မင်း၊ မစန်းစန်းမြင့်၊ ဦးထင်ကျော်–ဒေါ်ခင်နှင်းမြင့်၊ မမြင့်ကြူသင်းတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးလွင် (ပဲခူး)
အသက်(၇၃)နှစ်

ပဲခူးမြို့(ဆရာဝန်ကြီး ဦးစိန်လွင်–ဒေါ်ခင်ညွန့်)၊ ဒေါ်နွဲ့ကြည်တို့၏ သမီး၊ ရန်ကုန်မြို့နေ ဒေါက်တာဦးကြွယ်သိန်း–ဒေါ်စိန်စိန်၊ (ဦးသိန်း)–ဒေါ်ခင်စန်းလွင်၊ (ဒုတိယဗိုလ်မှူးကြီးစိုးလွင်)–ဒေါ်ခင်လေးလွင်တို့၏ညီမ၊ ဦးနေဝင်း–ဒေါ်ခင်ဝင်းလှ၊ (ဦးထွန်းကြည်)–ဒေါ်နီနီခင်၊ ဒေါက်တာဦးသိန်းညွန့် – (ဒေါ်ဝေဝေလွင်)၊ (မောင်တင့်လွင်)တို့၏အစ်မသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) ည ၇း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမများ။

ဦးအောင်ကြူး
(ချောင်းအုပ်၊မြန်မာ့သစ်လုပ်ငန်း၊ တနင်္သာရီတိုင်း)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ ၄ လမ်း၊ အမှတ် ၁၄/ခ နေ(ဦးဘကြူး–ဒေါ်နှင်းမြ)တို့၏သားကြီး၊ (ဦးသန်းညွန့်)–ဒေါ်လှသန်းတို့၏သားသမက်၊ ဦးထွန်းဟန်၊ ဦးမြင့်အေး၊ဦးကြူးရွှေနှင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏အစ်ကို/ညီ၊ ဒေါ်မိုမို၏ခင်ပွန်း၊ မသန္တာမိုး၊ မငုဝါအောင်၊ မလဲ့လဲ့ထွန်းတို့၏ဖခင်သည် ၃–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမြသိန်း
မြို့နယ်အခွန်ဦးစီးဌာနမှူး(ငြိမ်း) မော်လမြိုင်ကျွန်းမြို့နယ်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊တောင်သုကုန်းရပ်ကွက်၊ ကွင်းမွှေး ၁ လမ်း၊ အိမ်အမှတ် ၂၁၁၂ နေ နော်ညွန့်မေ၏ခင်ပွန်း၊ စောစိုးမင်း၊ စောသန်းမောင်စိန်(C.C.T.O)၊ စောရန်နိုင်(အင်းစိန်အခွန်ရုံး)၊ စောသန်းအေး(C.C.T.O)၊ နော်ကလိုစေးဖော(Sedona Hotel)၊ နော်ဇင်ဇင်ဒွေး(L'Opera Restaurant)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄–၆–၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ဂေသရှင်မာန်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီးရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၅၀၆၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ရန်ကုန်တိုင်း)။

ဒေါ်တင်မြင့်
အသက်(၈၆)နှစ်

(ဦးဘိုးလှိုင်–ဒေါ်လှတင်)တို့၏သမီး၊ [ဗိုလ်ကြီးကျော်ညွန့်(ရေ–၃၃၂၁)]၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၇၂၊ ကောက်သွယ်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့နယ်နေ ဦးတင်လှိုင် [စာတည်းမှူးချုပ်၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)]–ဒေါ်ခင်ကြည်သိန်း၊ ဦးလှငွေး–ဒေါ်စိန်စိန်ညွန့်တို့၏မိခင်၊ မောင်မျိုးညွန့်လှိုင်–မယုယုသော်၊ မောင်အောင်စိုးလင်း–မစုသဲလှိုင်၊ မောင်တိုးညွန့်လှိုင်၊ မယဉ်မေအိတို့၏အဘွား၊ မောင်ကောင်းဆက်လှိုင်၏ ဘွားဘွားကြီးသည် ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အန်လေဂါ(ခ)ဒေါ်ဝါ
ဒါရိုက်တာ
Hundred Smiles Co., Ltd.
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၈ (ပထမထပ်)နေ ဦးအုံရှုံပွ(ခ)ဦးပွ၏ဇနီး၊ ဦးအုံချိန်ဟိုက်၊ ဒေါ်လုလုရီ–ဦးသန်းဦး၊ ဦးအောင်စိန်လင်း(ခ)ဦးကင်း–ဒေါ်အေးမြင့်၊ ဒေါ်ခင်ခင်ဝင်း–ဦးမြထွန်း၊ ဦးအောင်စိန်ထွန်း–ဒေါ်မိမိစိုး၊ ဦးသိန်းဇော်–ဒေါ်သော်တာတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး
(စိန်ပဒေသာ၊ သာယာဝတီမြို့)
အသက်(၈၇)နှစ်

သာယာဝတီမြို့၊ဈေးလမ်း၊အိမ်အမှတ် ၁၉ နေ (ဦးရှိုးပင်း)၏ဇနီး၊ ဦးကြည်မြင့်–ဒေါ်လွင်လွင်စန်း၊ ဒေါ်အေးအေးစန်း၊ (ဒေါ်မေဘယ်လ်စန်း)၊ ဦးဆွေဝင်း–ဒေါ်ယဉ်ယဉ်စန်း၊ ဦးစိန်လင်း–ဒေါ်နုနုအောင်၊ ဦးစိန်ကြီး–ဒေါ်ခင်မေရီ၊ ဦးစိန်လေး–ဒေါ်ခင်သန်းမြင့်၊ ဦးစိန်ထွေး–ဒေါ်ခင်စန်းလွင်၊ ဦးခင်ဝင်း–ဒေါ်နုနုစန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သာယာဝတီမြို့ ထောင်ကြီးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန် (ဖျာပုံမြို့)
အသက်(၇၈)နှစ်

အမှတ် ၁၊ (၂)ရပ်ကွက်၊ ပထမလမ်း၊ ဖျာပုံမြို့နေ ဦးလွမ်းမိုး၏ဇနီး၊ ဦးအောင်မြင့်–(ဒေါ်ခင်နု)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးခင်သိန်း–ဒေါ်သန်းသန်းဦး၊ ဦးတင်လှ (GM, Arrow Paper Services Co., Ltd.)–ဒေါ်ရီရီဆွေ၊ ဒေါက်တာသိန်းနိုင်–ဒေါ်ခင်စောမူ၊ ဒေါ်မိမိဆွေ၊ (ဒေါ်ခင်မမဆွေ)တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့)နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်းသုသာန်သို့ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမြသောင်း (လှည်းကူးမြို့)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ အမှတ် ၄၁၊ အနောက်မင်းလမ်းမနေ(ဦးပု–ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်ရီ)၏ခင်ပွန်း၊ ဦးလှမြင့် (အသုံးချ ဘူမိဗေဒဌာန)–ဒေါ်တင်တင်ကြည်၊ ဦးစိန်ထွန်း–ဒေါ်ခင်မာကြူ၊ ဦးဇော်ဇော်–ဒေါ်နွဲ့နွဲ့စန်းတို့၏ဖခင်၊ မောင်ချမ်းငြိမ်းသူ(နောက်ဆုံးနှစ်၊ အပိုင်း–က၊ တပ်မတော်ဆေးတက္ကသိုလ်)၊မောင်ဘိုဘိုဇင်ထွန်း၊မောင်ဒီသာကျော်၊ မချူးပွင့်ခိုင်တို့၏ အဘိုးသည် ၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရားကျောင်းဒါယိကာမကြီး
ဒေါ်ခင်တင့် (ခြောက်ရွာဟင်္သာတ)
အသက်(၇၂)နှစ်

အင်္ဂပူမြို့နယ်၊ ခြောက်ရွာတာကြီးတန်းရပ်နေ (ဦးလူတော်–ဒေါ်သိန်းရင်)တို့၏သမီး၊ (ဒေါ်မြကြည်)၊ (ဒေါ်အေးကြည်)၊ (ဦးထွန်းလွင်)၊ (ဒေါ်တင်တင်)၊ ဒေါ်ကုလားမေ၊ ဒေါ်ညိုညို၊ (ဒေါ်ခင်မြိုင်)၊ ဒေါ်တင်မြင့်တို့၏ညီမ၊ ဦးသောင်းတင်၏အစ်မသည် ၃–၆–၂၀၀၄ရက် ည ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ ရက်တွင် ခြောက်ရွာသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်နု (လေးမျက်နှာ)
အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ ကညင်သောင်အုပ်စု၊ မြစ်ကျိုးရွာနေ (ဦးကုလားကြီး – ဒေါ်စိန်ညွန့်)တို့၏ သမီး၊ ဦးစောမောင်၏ညီမ၊ ဒေါ်အုန်းကြည်၊ ဦးစိန်ဝင်းတို့၏ အစ်မကြီး၊ ဖေ့ာကန်၊ မင်္ဂလာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးစန္ဒာသိရီဘိဝံသ၊ ကိုကံဝင်း–မသန်းဌေး၊ (ကိုမြင့်ဝင်း)–မကြည်၊ မစန်းနွဲ့တို့၏မိခင်၊ ကေသီလွင်၊ ဝင်းမာရီ၊ ချိုနွယ်လွင်၊ ကျော်ကျော်လွင်၊ ဝေဝေနှင်းတို့၏အဘွားသည် ၃–၆–၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် အင်းစိန် သီရိစန္ဒာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၆–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်အေး (ကျိုက်လတ်)
(နာရီပြင်ဆရာကြီး)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၉၉ နေ(ဦးအုန်းဖေ–ဒေါ်သန်းရင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ဦးအောင်မင်းထိန်)–ဒေါ်ခင်ခင်ဌေး၊ ဒေါ်သန်းစန်းဝေ၊ ဒေါ်ကြည်ကြည်စိန်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံနက္ခပညာရှင်များအဖွဲ့)၊ ဦးသာထွန်း–ဒေါ်ငယ်ထွေးမာ၊ ဦးဇော်နိုင်–ဒေါ်ခင်ညွန့်ရီ၊ ကိုအောင်ကျော်–မအေးအေး၊ ဦးခင်မောင်စိုးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၃–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်အေး (ကျိုက်လတ်)
(နာရီပြင်ဆရာကြီး)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၉၉ နေ(ဦးအုန်းဖေ–ဒေါ်သန်းရင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ဦးမြညွန့်–ဒေါ်တင်ရီ)၊ (ဦးခင်ထွန်း)–ဒေါ်ထွေးတို့၏ညီ/မောင်၊ ဦးခင်လေး–(ဒေါ်ခင်ရီ)၊ (ဦးစိန်ဗိုလ်တင့်)–ဒေါ်စန်းပွင့်၊ ဦးတင်ထွန်း–ဒေါ်တိုး၊ ဦးအောင်မြိုင်–(ဒေါ်ခင်စောနိုင်)၊ ဦးထွန်းထွန်း–ဒေါ်ခင်အေး၊ (ဦးကြီးမြင့်–ဒေါ်မြမြဝင်း)၊ (ဦးခင်မောင်အုန်း)–ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကိုသည် ၃–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည် (မုံရွာ)
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၈၈)နှစ်

(ဦးထွန်းသ–ဒေါ်မှန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၂၊ မဟာဗောဂလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသောင်းတင်–မြန်မာ့ရထား၊ ငြိမ်း)၏ဇနီး၊ ဦးဂျေတင် (မြန်မာ့မီးရထား၊ ငြိမ်း)–ဒေါ်နွဲ့နွဲ့တင် (မြန်မာ့မီးရထား၊ ငြိမ်း)၊ ဦးမျိုးမြင့်(အလကကျောင်းအုပ်၊ ငြိမ်း)–ဒေါ်မြညွန့် (မူ/ကျောင်းအုပ်)၊ ဦးလှမြင့်(ဒု/ညွှန်မှူး၊ဗဟိုစက်ပစ္စည်း)–ဒေါ်ခင်မလေး(ရွှေး/ချယ်ကော်မရှင်ရုံး)၊ ဒေါက်တာ ဦးအောင်မြင့်–ဒေါက်တာဒေါ်တင်ဝင်း၊ ဦးသိန်းထွဋ်(တရားရုံးချုပ်ရှေ့နေ) – ဒေါ်ခင်ဆွေမြင့် (အထပြ၊ အထက–၄၊ တောင်ညွန့်)၊ ဦးဝင်းမြင့်–ဒေါ်အေးမာစိုးညွန့်(ဆုမွန်စတိုး၊အင်းစိန်ဈေး)တို့၏မိခင်၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဝိတ်၏ဒေါ်လေး၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၄–၆–၂၀၀၄ရက် နံနက် ၁၂း၄၅ နာရီ အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည် (မုံရွာ)
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၈၈)နှစ်

(ဦးထွန်းသ–ဒေါ်မှန်)တို့၏သမီး၊ (ဦးသောင်းတင်၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၁၂၊ မဟာဗောဂလမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်နေ ဗိုလ်ကြီးဝင်းမင်း–ဒေါ်အောင်မေဦး (ဦးစီးအရာရှိ၊ အိုးအိမ်ဦးစီး)၊ ဦးလွမ်းမိုး(A.P.E.I Co.,Ltd.)–ဒေါ်နေဇာခြည်၊ မောင်ကျော်ဝင်းနိုင်–မပြည့်ပြည့်ဝင်း၊ အိရွှေစင်၊ဒေါက်တာမျိုးမြင့်ထွန်း(ခန္ဓာဗေဒဌာန၊ ဆေး–၂)–မငုဝါအောင်(B.A Eco, Dip. in IT Level°°2)၊ မငုသီတာအောင်(တတိယနှစ်၊ Food. Tech:B.Sc. English Dip. in. CA Dip. in. IT Level 2)၊ ကိုပိုင်သူ(Trainer R.V. Management Services.)–မထက်ထက်အောင်(Golden Hill Tower)၊ မောင်အောင်ကိုကို(B.A၊ ဒုနှစ်၊ပြင်သစ်ဘာသာ)၊ မောင်အောင်ပြည့်ဖြိုး(ဒုနှစ်၊ စီးပွားရေး U.D.E)၊ မောင်စစ်မွန်(V-F၊ အထက–၁၊ အင်းစိန်)၊ မဆုလာဒ်မွန်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးမြစ်တစ်စု။

ဗိုလ်ကြီးစိန်မောင် (ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၆၉၄၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်နေ ဒေါ်ခင်ဆွေ (MPF)၏ခင်ပွန်း၊ ဦးနေလင်း(ရုံးအုပ်၊ ကကဌေ)–မမြင့်မြင့်နိုင်(ကောင်းထက်အထည်ဆိုင်၊ အင်းစိန်)၊ ဗိုလ်ကြီးဝေလင်း(ကကကြည်း၊ စီမံ) – ဒေါ်ဆွေဆွေတင်(ဒု–လဝကမှူး၊ မြောက်ပိုင်းခရိုင်)၊ (မဆွေဆွေထွန်း)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃–၆–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်သိန်း(ခ)
လောင်အောင်မြင့်သိန်း
(မော်လမြိုင်)
အသက်(၅၀)

မော်လမြိုင်မြို့၊အရှေးပိုင်ကန်း၊အမှတ် ၅၈၊ အထက်လမ်းမကြီးနေ [ဦးထွန်းလှ(ခ)ဦးဝိုင်ဖြိတ်] – ဒေါ်ကျင်အေးတို့၏သား၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းလမ်း၊ အမှတ် ၈ နေ(ဦးသန်းမောင်)–ဒေါ်အေးကြည်တို့၏သားသမက်၊ဒေါ်သန်းသန်းရီ၏ခင်ပွန်း၊ ကိုရဲသူရိန်အောင်၊ ကိုအောင်နိုင်–မသိမ့်နန္ဒာအောင်၊ မဝင်းလဲ့လဲ့ရွှေ၊ မသက်သက်ချိုတို့၏ဖခင်သည် မော်လမြိုင်မြို့ နေအိမ်၌ ၄–၆–၂၀၀၄ရက် (သောကြာနေ့)နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရှစ်မိုင် ကြန့်တိတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နန္ဒဝံသ (မွှာစရိယ)
သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ

မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ညောင်ကန်တိုက် ဘိုကလေးဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ သာသနဓဇ မွှာစရိယကိုးဆောင်အသင်း(မန္တလေး) ဥက္ကဋ္ဌသည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၄ ရက် (၁–၅–၂၀၀၄ရက်) မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၇ ရက် (၉–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် တောင်မြင့်သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ဦးဣန္ဒက

ပြည်လုံးခိုင်ဆရာတော်နှင့်တပည့်ရဟန်းသာမဏေ၊ ဒါယကာ၊ဒါယိကာမများ။

ဒေါ်ခင်အေးလွင် (ပဲခူး)
အသက်(၇၃)နှစ်

ပဲခူးမြို့ (ဆရာဝန်ကြီး ဦးစိန်လွင်–ဒေါ်ခင်ညွန့်)၊ ဒေါ်နွဲ့ကြည်တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၄၊ ဂန့်ဂေါမြိုင်လမ်းသွယ် ၂၊ ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ ဒေါ်သန္တာသွင်၊ ဦးအောင်ခိုင်–ဒေါ်ဇင်မိလတ်တို့၏မိခင်၊ မအိန္ဒြေဖူးမြတ်၏အဘွားသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) ည ၇း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် အလှူဒါယကာ
ဦးချမ်းလှိုင် (မြိတ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဝင်ဒါမီယာ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် ၃၁ နေ (ဦးသော်ဇင်–ဒေါ်တင်)တို့၏သား၊ (ဦးကူဝါ–ဒေါ်အေးမေ)တို့၏သားသမက်၊ ဒေါ်သန်းဆွေ၏ခင်ပွန်း၊ ဦးမျိုးလွင်–ဒေါ်မူမူ၊ Dr.အောင်စိုး–(ဒေါ်ဌေးဌေးဝေ)၊ (မောင်မျိုးအောင်)တို့၏ဖခင်၊ ဦးထွန်းမောင်–ဒေါ်ကြည်၊ ဦးယုတင်–(ဒေါ်ရှုကြင်)၊ (ဦးထွန်းမင်း)–ဒေါ်မြသန်း၊ (ဦးကြင်ဝမ်)–ဒေါ်ကြည်ညွန့်တို့၏အစ်ကို၊ မောင်ဇေယျာထွန်း၊ (မောင်မင်းသုခိုင်)၊ မောင်ခိုင်စိုးဟိန်း၊ မောင်အောင်ကိုမျိုးတို့၏ အဘိုးသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်နု (ပဲခူး၊ ကျိုက်ပဒိုင်)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၁၀၄ နေ (ဦးထွန်းသာ–ဒေါ်သိန်း)တို့၏သမီး၊ (ဦးခင်ဖေ–ဒေါ်ကြာယံ)တို့၏သမီးချွေးမ၊ ဦးလှတင်၏ဇနီး၊ ဦးငွေဇင်–ဒေါ်လှမြင့်၊ ဦးခင်မောင်ဝေ–(ဒေါ်ရင်ရွှေ)၊ ဦးအုန်းမောင်၊ ဦးအောင်ငွေဆန်း – ဒေါ်အေးမာလွင်၊ ဦးမောင်တူး–ဒေါ်ဌေးဌေးကြွယ်၊ ဦးစန်းလွင်–ဒေါ်ခင်သက်၊ ကိုဝင်းမြင့်–မခင်ညိုရီတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၄–၆–၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ညောင်တန်းအိမ်ရာနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်လှကြည် (ညောင်ရွှေ)
အသက်(၇၅)နှစ်

မန္တလေးမြို့၊ ၈၆ လမ်း၊ ၂၈ x ၂၉ လမ်းကြား၊ ဒေါင်းဂိုးရပ်၊ အိမ်အမှတ် ၈ နေ ဦးဖေသောင်း၏ဇနီး၊ ဦးမြင့်သိန်းဖေ–ဒေါ်ဝါဝါ၊ ဦးကျော်မင်း (လ/ထ ညွှန်ကြားရေးမှူး၊ လဝက)–ဒေါ်အေးမြင့်ကြည်၊ မတင်တင်အေး တူမ/သမီး၊ ဦးဝင်းမြင့်သောင်း–ဒေါ်မြတ်မြတ်ထွေး၊ ဦးကျော်မင်းထွေး – ဒေါ်မြမြခိုင်တို့၏မိခင်၊ ကိုဝင်းဘို–မသောင်းမြင့်တို့၏အဒေါ်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၄–၆–၂၀၀၄ရက် ၁၁း၁၀နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ် ၅ခ–၄ ရပ်ကွက်၊ အိမ်အမှတ် ၆၇၊ ၆၅ လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ၆၅ လမ်း မြို့သစ်နေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြစိန်
(မော်လမြိုင်၊ မိဂလုံ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခွန်နီ ၂ လမ်း၊ အမှတ် ၉၆ နေ (ဦးချစ်ဖေ–ဒေါ်ကျော့မေ)တို့၏ သမီး၊ (ဦးရွှေသိန်း)၏ဇနီး၊ (ဦးသိန်း)–ဒေါ်ရွှေသင်၊ဦးကျော်ဒွန်း–(ဒေါ်ခင်ညွန့်)တို့၏ညီမ၊ ဦးသန်းထွန်း (ဒု–အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်)–ဒေါ်ညွန့်သန်းတို့၏မိခင်၊ ဗိုလ်ကြီးဉာဏ်လင်းထွန်း–မစန္ဒာဇော်ဝင်း၊ မောင်သန်းထွဋ်အောင်၊ မောင်ကျော်မျိုးခိုင်တို့၏ အဘွားသည် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေးသန်း (ရွှေဘို)
(ဒုတိယဦးစီးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)
အသက်(၄၅)နှစ်

ရွှေဘိုမြို့၊ ဝန်တော်အိမ်ရပ်ကွက်နေ (ဦးဘသန်း၊ တရားမမြို့အုပ်–ဒေါ်အေးသီ၊ ကျောင်းဆရာမကြီး)တို့၏ သမီး၊ မန္တလေးမြို့၊ဒေးဝန်းအရှေ့ရပ်နေ ဦးအုန်းမောင်–ဒေါ်အုန်းကြည်တို့၏သမီးချွေးမ၊ ဦးနိုင်အောင်၏ဇနီး၊ ဦးမြင့်ဆွေ(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)–ဒေါ်ခင်မေသန်း(ငွေစုဘဏ်–၁)၊ ဒေါ်ခင်ဆွေသန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း)၊ ဦးဝင်းဖေမြင့်–ဒေါ်ခင်မူ၊ (ဦးသန်းညွန့်)–ဒေါ်တင်ညွန့်တို့၏ညီမ၊ မခင်ကြယ်စင်၊ မောင်အောင်သန့်စင်တို့၏မိခင်၊တူသုံးယောက်တို့၏ဒေါ်လေးသည် ၄–၆–၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် ညနေ ၃နာရီတွင် ရွှေဘိုမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှအောင် (ဦးပွ)
ယာဉ်/စက်(အငြိမ်းစား)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ် ၄၃၊ ပွဲစားလမ်းနေ (ဦးထွမ်ကြူ–ဒေါ်စောလှ)တို့၏သား၊ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ရဲအုပ်စန်းလွင်(သတင်းတပ်ဖွဲ့၊ မန္တလေး) – ဒုရဲမှူးစန်းစန်းရီ(သတင်းတပ်ဖွဲ့၊ မန္တလေး)၊ ဦးအောင်ကျော်ဦး – ဒေါ်စန်းစန်းတင့်၊ ဦးနိုင်ဝင်းအောင်(ဆုကဖီး)–ဒေါ်မြင့်မြင့်ခိုင်၊ ဦးသိန်းလွင်–ဒေါ်စန္ဒာဝင်း(ကြည့်မြင်တိုင်ညဈေး)တို့၏ဖခင်၊ မခိုင်နှင်းဖြူလွင်(2nd IT - GTC မော်ဘီ)၊ မောင်ခိုင်မင်းထက်(အထက–၄၊ အလုံ)၊ မောင်အောင်သူဟိန်း (အထက–၃၊ ကြည့်မြင်တိုင်)၊ မောင်ကျော်သူဟိန်း (အထက–၃၊ ကြည့်မြင်တိုင်)၊ မအေးခန့်ခန့်၊ မောင်ပြည့်စုံတို့၏အဘိုးသည် ၄–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၆နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံရောက်ရှိ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က အခမ်းအနားဖြင့်ဂုဏ်ပြုကြိုဆို

ရန်ကုန် ဇွန် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ မြန်မာစံတော်ချိန်နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ရောက်ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာကြသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Thanarat Thanaputhi တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမြောက် ၁၉ ချက်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်နှင့် အစိုးရအဖွဲ့ဝင်များ အစိုးရအိမ်တော် အစိမ်းရောင်ခန်းမ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံဆွေးနွေးပွဲပြုလုပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်တို့အကြား သီးသန့်အထူးအစည်းအဝေးကို ဗန်ကောက်မြို့ အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်သူများအား မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

ဂျာမနီနှင့် အီတလီအပြီးသတ်လူစာရင်းထုတ်ပြန်ပြီး အင်္ဂလန်အသင်းခေါင်းဆောင်ဒေးဗစ်ဘက်ခမ်းဒဏ်ရာရရှိ

ကိုထွေး-စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၄

၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲစတင်ရန် ခုနစ်ရက်သာ လိုတော့သည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ အပြီးသတ်၂၃ ဦး လူစာရင်းကို အသီးသီးထုတ်ပြန်ကြေညာလျက်ရှိကြသည်။ နာမည်ကြီး ဂျာမနီအသင်းသည် ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိသော ခြေစမ်းပွဲအပြီးတွင် နည်းပြဆရာ ရူဒီဗောင်လာက ဂျာမနီလက်ရွေးစင်အသင်း၏ အပြီးသတ် ၂၃ ဦး လူစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

စာမျက်နှာ ၂ ကော်လံ ၅ ●